# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၄)


## မည်သူမျှငြင်း၍မရနိုင်သည့် အမှန်တရား

မြန်မာနိုင်ငံ၌ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပြန့်ပွားမှုသည် ၂၀၀၀ပြည့်နှစ်တွင် အရွယ်ရောက်သူ လူဦးရေ၏ ၁ဒသမ၅ရာခိုင်နှုန်းရှိရာမှ ၂၀၀၆ခုနှစ်တွင် ၁ဒသမ၃ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်ကိုတွေ့ရ။ အောင်မြင်ဖြစ်ထွန်းမှုများရရှိလာခြင်းသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် မူဝါဒနှင့်ကူညီအားပေးမှု၊ အမျိုးသားကျန်းမာရေးစီမံကိန်းများ၏ မှန်ကန်ပြည့်စုံမှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဘက်စုံပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကောင်းများ ဖြစ်သည်ဆိုသည်ကို မည်သူမျှ ငြင်း၍မရနိုင်သည့် အမှန်တရားပင်ဖြစ်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(ဗဟိုအဆင့်) အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)






## အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှု ၂၀၀၀ပြည့်နှစ်နောက်ပိုင်းမှစ၍ လျော့နည်းကျဆင်းလာ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ ဘက်စုံပူးပေါင်းပါဝင်မှုအကျိုးရလဒ်ကောင်းကြောင့်ဖြစ် ပြည်တွင်းပြည်ပအဖျက်သမားများက အခြေအနေကောင်းများကို မျက်ကွယ်ပြုပြီး လုပ်ကြံစွပ်စွဲ လူသားမျိုးနွယ်တစ်ရပ်လုံးအကျိုးရှေးရှုပြီး မည်သည့်ဟန့်တားမှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှား မြန်မာသာမက ကမ္ဘာပေါ်ကပင် ရောဂါဆိုးကြီးပျောက်ကွယ်သည်အထိ ပူးပေါင်းလက်တွဲကြိုးပမ်း

**ရန်ကုန် ဒီဇင်ဘာ ၂**

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ မြန်မာနိုင်ငံခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးရန်ပုံငွေအဖွဲ့ (FHAM)တို့ ပူးပေါင်းစီစဉ်မှုဖြင့် "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့" (Stop AIDS Keep the Promise)ဆောင်ပုဒ်ဖြင့်ကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(ဗဟိုအဆင့်)အခမ်းအနား (World AIDS Day)သို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ **စာမျက်နှာ ၃ ကော်လံ ၁** ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

# ဖွံ့ဖြိုးတိုးတက်နေသည့် ပညာရေးကဏ္ဍ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်ချက် (၅)ရပ် ချမှတ်ပေးထားသည်။ ယင်းလမ်းညွှန်ချက်(၅)ရပ်မှာ ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးတို့ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးအားလုံး အလွယ်တကူ အခြေခံပညာများ သင်ယူနိုင်ရန် နေရာဒေသအလိုက် အခြေခံပညာကျောင်းများ မြန်မာနိုင်ငံတစ်ဝန်း၌ ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၈၈ခုနှစ်တွင် အခြေခံပညာအထက်တန်း ကျောင်း ၇၂၂ ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၂၀၄၅ ကျောင်းအထိ တိုးတက်လာသည်။ ၁၉၈၈ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း ၁၆၉၆ ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၂၆၀၁ ကျောင်းအထိ တိုးမြှင့်လာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်း ၃၃၃၂၉ ကျောင်းရှိရာမှ ၂၀၀၆ ခုနှစ်တွင် ၃၅၈၉၃ကျောင်းအထိ တိုးမြှင့်လာခဲ့သည်။

အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများ၏ ကျောင်းဝင်ရောက်မှုနှုန်းသည် ၂၀၀၀ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၉၇ဒသမ ၈၄ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

စာတတ်မြောက်ရေးလုပ်ငန်းများကို လွန်ခဲ့သည့်ဆယ်စုနှစ်များကပင် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ နိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည်လည်း မြင့်မားလာလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ၌ တိုးတက်အောင် လုပ်ဆောင်နေသကဲ့သို့ အဆင့်မြင့်ပညာ ကဏ္ဍ၌လည်း တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၁၅၆ခုအထိ တိုးမြှင့်လာခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် ကျောင်းပညာရေးသာမက လူတိုင်းအတွက်ပညာရေး အစီအစဉ်များကိုပါ တန်းတူအလေးပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံသားများအတွက် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့် ခက်ဖြာပညာရေးရရှိလာစေရန် နေရာအနှံ့ ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ခြင်း၊ ခေတ်မီသင်ပြနည်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများအသုံးပြု၍ သင်ကြားပေးခြင်းများကြောင့် ပညာရေးကဏ္ဍသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကမ္ဘာ့ လက်ဖက်ထုတ်လုပ်မှု မြင့်တက်

နိုင်ရိုဘီ ဒီဇင်ဘာ ၂

**ကမ္ဘာ့ လက်ဖက်ထုတ်လုပ်မှုသည် ယမန်နှစ်ကထက် ထုတ်လုပ်မှု သုံးရာခိုင်နှုန်းကျော် တိုးတက်ကာ ခန့်မှန်းခြေအားဖြင့် တန်ချိန် ၃ဒသမ ၅ သန်းအထိရှိလာမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက်က နိုင်ရိုဘီမြို့၌ပြုလုပ်သော နိုင်ငံတကာ လက်ဖက်ကွန်ဖရင့်၌ ပြောကြားသည်။**

### ထုတ်လုပ်

ထိုသို့ လက်ဖက်ထုတ်လုပ်မှုစံချိန်သစ်တိုးလာခြင်းမှာ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ကင်ညာနိုင်ငံတို့၏ ထုတ်လုပ်မှုမြင့်မားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ဖက်အဓိက ထုတ်လုပ်သော အခြားနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့်မာလာဝီတို့တွင် ထုတ်လုပ်မှုကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ အကြီးအကဲ ကိုင်ဘွန်ချာလ်လက်က ပြောကြားသည်။

### ဆောင်ရွက်

အဆိုပါလက်ဖက်ကွန်ဖရင့်ကို ကင်ညာလက်ဖက်ဘုတ်အဖွဲ့နှင့်အက်ဖ်အေအိုတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းလက်ဖက်ကွန်ဖရင့်သို့ နိုင်ငံပေါင်း၄၇ နိုင်ငံမှ လက်ဖက်ထုတ်လုပ်သူများ တက်ရောက်ကြကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ရေဒီယိုနှင့်ရုပ်မြင်သံကြားမျှော်စင်လေးခု ပေကျင်းမြို့လယ်မှ ရွှေ့ပြောင်းမည်

**ပေကျင်း ဒီဇင်ဘာ ၂**

တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ ရေဒီယိုနှင့် ရုပ်မြင်သံကြားမျှော်စင်လေးခုကို လာမည့်ငါးနှစ်အတွင်း မြို့လယ်မှ ရွှေ့ပြောင်းမည်ဖြစ်ကြောင်း၊ ထိုသို့ရွှေ့ပြောင်းရန်စီစဉ်ရခြင်းမှာ ပေကျင်းမြို့လယ်တွင် လေထုညစ်ညမ်းမှု လျော့နည်းစေရန်အတွက်ဖြစ်ကြောင်း ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

### ပြောကြား

ထိုသို့ဖယ်ရှားရာတွင် အမျိုးသားရေဒီယိုမျှော်စင်နှစ်ခုနှင့် ပေကျင်း ရေဒီယိုမျှော်စင်တို့ဖြစ်ပြီး ၎င်းတို့မှာ ပေကျင်းမြို့ ချောင်ယန် ခရိုင်တွင်ရှိသည်။ ထို့အတူ ယီတင်ဥယျာဉ် အတွင်းတည်ရှိသည့် ရုပ်မြင်သံကြား တာဝါတိုင်တစ်ခုကိုလည်း ရွှေ့ပြောင်းမည်ဖြစ်သည်ဟု ပေကျင်းပတ်ဝန်းကျင်ရေးရာ ကာကွယ်ရေးဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူး ဒူဂိုချောင်က ပြောကြားသည်။

### ရေဒီယိုသတ္တိကြွ

အဆိုပါ ရေဒီယိုနှင့် ရုပ်မြင်သံကြား မျှော်စင်လေးခုမှ ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပေါ်နိုင်သဖြင့် ယခုကဲ့သို့ ရွှေ့ပြောင်းရခြင်းဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ရွှေ့ပြောင်းမည့် ရေဒီယိုနှင့် ရုပ်မြင်သံကြားမျှော်စင်လေးခုကို မည်သည့်နေရာသို့ ရွှေ့ပြောင်းမည်ကို သတင်းမသိရသေးကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်အသင်း စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၉ ရက် စနေနေ့ နံနက် ၈ နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံထောင့် အနောက်ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန်အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၃-၁၂-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"သက္ကပညာသုတ်"**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အဏ္ဏဝါချစ်သူ"**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ လျှပ်တစ်ပြက်
၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၂၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Everton Vs West Ham United

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃-၁၂-၂၀၀၆ (တနင်္ဂနွေနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ Sunday Talk [ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ နိုင်ငံ့ဂုဏ်ကိုဖော်ဆောင်နေသော စက်မှု(၁)မှ ရွှေတောင်ချည်ထည်များ
၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
၈:၅၅ နိုင်ငံတကာအနုပညာရေးရာ
၉:၁၅ မိုးလေဝသ ခန့်မှန်းချက်
၉:၂၀ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာန အကြောင်းသိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာခင်မျိုးလှ)
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ နိုင်ငံတကာသတင်း အကျဉ်း
၉:၅၀ ကလေးတို့အတွက်လက်ဆောင် (ဘုံကျောင်းနှင့်ပုစဉ်းရုပ်)
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀ "အင်း"ငွေပန်းထိမ်ရဲ့အငွေ့အသက်
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ အရိပ်ကောင်း၏ အေးမြရှင်သန်ခြင်းအလှ
၁၁:၀၀ နိုင်ငံတကာသတင်း အကျဉ်း
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ဝက်လျှာနှင့်ကြက်ဟင်းခါးသီးအချိုချက်)
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ ပျိုမေတို့လှစေဖို့ (အပိုင်း-၂)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ဖော်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
| --- | --- | --- |
| ၉:၃၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၁၀:၀၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၁၀:၂၅ | Everton-West Ham | 5-Sports(Live) |

### FA Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
| --- | --- | --- |
| ၇:၃၀ | Salisbury City-Nottingham Forest | 5-Sports(Live) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
| --- | --- | --- |
| ၈:၃၀ | Parma-Palermo | 5-Series(Live) |



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး တက်ညီလက်ညီပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် (ကာတွန်း) ပြိုင်ပွဲတွင် ပထမဆုရ ကျောက်တန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ ပဥ္စမတန်းကျောင်းသူ မမေထူးမြတ်မွန်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

### တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ် Mr. Charles James Petrie၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ UN Theme Group on HIV/AIDS ၏ Chairperson Mr. Daniel B. Baker နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် ပြည်သူလူထု အပါအဝင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေရန်ဆိုသည့် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၉နှစ် ရှိလာခဲ့ပြီဖြစ်ကြောင်း။

### ခံစားနေရ

၁၉၈၁ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည့် အိပ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက်မှုသည် လွန်ခဲ့သည့် နှစ်ပေါင်း၂၀ခန့် အတွင်း၌ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့ခဲ့ပြီးဖြစ်သည့်အတွက် ၂၀၀၆ခုနှစ်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကလေးလူကြီး စုစုပေါင်း ၃၉ဒသမ၅ သန်းခန့်သည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါကူးစက်မှုကို ခံစားနေရကြောင်း၊ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပျံ့နှံ့မှုသည် အလွန်မြန်ဆန်သည့်အတွက် တစ်ကမ္ဘာလုံးတွင် ၂၀၀၆ခုနှစ် တစ်နှစ်တည်းမှာပင် ကလေးလူကြီး စုစုပေါင်း ၄ဒသမ၃ သန်းခန့် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံခဲ့ရပြီး ၂ဒသမ၉သန်းခန့် အေအိုင်ဒီအက်စ်ရောဂါနှင့် သေဆုံးခဲ့ကြောင်း။

ထို့ကြောင့် အေအိုင်ဒီအက်စ်ရောဂါသည် နိုင်ငံအသီးသီး၏ ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တဖြည်းဖြည်း ထိခိုက်လာပြီး ဆိုးရွားသည့် အခြေအနေများကို ဖြစ်ပေါ်စေလျက်ရှိသည့်အတွက် အေအိုင်ဒီအက်စ် ရောဂါ ကာကွယ်တိုက်ဖျက်ရေးသည် ကမ္ဘာ့နိုင်ငံအားလုံးက အလေးပေး ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်လာနေပြီဖြစ်ကြောင်း။

### အလေးထားကြိုးပမ်း

သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ပြည်တွင်းအင်အားစုများဖြင့်သာမက ကမ္ဘာ့နိုင်ငံအသီးသီး၏ ပေါင်းစည်းညီညွတ်သည့်အင်အားဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်မှသာ အေအိုင်ဒီအက်စ် ရောဂါဆိုးကြီး၏အန္တရာယ်ကို ထိထိရောက်ရောက် အောင်မြင်စွာ တုံ့ပြန်နိုင်မည့် အခြေအနေကို ရောက်ရှိနေပြီလည်းဖြစ်ကြောင်း၊ ယင်းအခြေအနေ အချိန်အခါနှင့် အညီ ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (United Nations Millennium Development Goals) တွင် "အေအိုင်ဒီအက်စ်ရောဂါ ကပ်ရောဂါအသွင် ကူးစက် ပျံ့နှံ့မှုကို ၂၀၁၅ ခုနှစ်တွင် ရပ်တန့်သွားစေရန်နှင့် ကူးစက်မှုနှုန်း ကျဆင်းစေရန်" ဆိုသည့် ရည်မှန်းချက်ကို ထည့်သွင်းသတ်မှတ်သကဲ့သို့ ကမ္ဘာ့နိုင်ငံ အသီးသီးသည်လည်း အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက် ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် "Stop AIDS Keep the Promise" "အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့ အားလုံး ပါဝင်ဆောင်ရွက်စို့"ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်ခဲ့ခြင်းသည် လွန်စွာပင် အချိန်အခါသင့်လှပါသည်ဟု ပြောကြားလိုကြောင်း။

### အကောင်အထည်ဖော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနှင့်လည်း အခြားသော ကမ္ဘာ့မိသားစုဝင် နိုင်ငံများနည်းတူ HIV/AIDS ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများကို ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ဉာဏ်ရည်ထက်မြက် ပညာရည်မြင့်မားသည့် လူမျိုးများဖြစ်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများကို စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနိုင်ကြစေရေးအတွက် အမျိုးသားကျန်းမာရေး နှစ်တို နှစ်ရှည် စီမံကိန်းများချမှတ်ပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းအမျိုးသားကျန်းမာရေး စီမံကိန်းများတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမားနှင့် တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျေးလက်ဒေသကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန် ဦးတည်ဆောင်ရွက်သကဲ့သို့ ကူးစက်ရောဂါများနှင့် မကူးစက်သည့် ရောဂါဆိုးကြီးများ တားဆီးတိုက်ဖျက်ရေးကိုလည်း တစ်ခန်း တစ်ကဏ္ဍ ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း။

### အောင်မြင်ဖြစ်ထွန်း

ပိုလီယို အကြောသေရောဂါ၊ ကျောက်ရောဂါ၊ အနာကြီးရောဂါ၊ အိုင်အိုဒင်းဓာတ် လျော့နည်းမှုရောဂါ၊ တီဘီ၊ ငှက်ဖျားနှင့် HIV-AIDS ရောဂါ စသည့် ရောဂါဆိုးကြီးများ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အချို့သော ရောဂါဆိုးကြီးများသည် လုံးဝ ပပျောက်သွားသည့် အခြေအနေ၊ အန္တရာယ်ဖြစ်စေသည့် အဆင့်က ကင်းဝေးသွားသည့် အခြေအနေတို့ကို ရောက်ရှိသည်အထိ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း အမျိုးသားရေးအသွင်နှင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် ၁၉၈၉ခုနှစ်က စတင်ပြီး နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပေါင်းစည်းပါဝင်သည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုဆိုလျှင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါသာမက အခြား အဖြစ်များသည့် ရောဂါများဖြစ်သည့် တီဘီနှင့် ငှက်ဖျားရောဂါများ ကာကွယ်တားဆီးရေးနှင့် ကုသရေး လုပ်ငန်းများကို ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူများ ပူးပေါင်းပါဝင်သည့် Coordination Body တစ်ခုကိုလည်း ဖွဲ့စည်းထားပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

### တစ်နိုင်ငံလုံးဖြန့်ကြက်

အမျိုးသားခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်တွင် ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်သည့် အဓိကလုပ်ငန်းစဉ် (၁၀)ရပ် ချမှတ် ဆောင်ရွက်လျက် ရှိရာ၌ အာဏာပိုင် အဖွဲ့အစည်း အသီးသီးကို အသိပေး ဆွေးနွေးတင်ပြခြင်းလုပ်ငန်းများနှင့် ပြည်သူလူထုအကြား အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာဗဟုသုတ တိုးမြှင့်ရေး ကျန်းမာရေး ပညာပေးလုပ်ငန်းများတို့ကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း။

လိင်ဆက်ဆံမှုမှတစ်ဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးအတွက် ဦးတည်အုပ်စုများအတွင်း ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲရေး လုပ်ငန်းကို မြို့နယ် ၁၆၅မြို့နယ်တွင် ဆောင်ရွက်နေသကဲ့သို့ လိင်မှ တစ်ဆင့်ကူးစက်သည့်ရောဂါများ ထိရောက်စွာ စစ်ဆေးကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

### တိုးမြှင့်လွှမ်းခြုံ

ထို့အပြင် မူးယစ် ဆေးဝါး သွေးကြောထဲ ထိုးသွင်းသူများအကြား အိပ်ချ်အိုင်ဗွီ ရောဂါပိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးလုပ်ငန်းများ၊ အန္တရာယ်ကင်းသော သွေးသွင်းကုသမှုလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် ၈၉ မြို့နယ်နှင့် ဆေးရုံကြီး ၂၉ရုံတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံထားရသည့် လူနာများနှင့် အေအိုင်ဒီအက်စ် လူနာများ ပြုစုကုသခြင်း လုပ်ငန်းများကိုလည်း တိုးမြှင့်လွှမ်းခြုံဆောင်ရွက်လျက်ရှိနေကြောင်း။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို သုံးသပ်ကြည့်မည်ဆိုလျှင် ပြည်သူလူထု

စာမျက်နှာ ၄ ကော်လံ ၁



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်၊ အထက်တန်းအဆင့် (စာစီစာကုံး) ပြိုင်ပွဲတွင် ဒုတိယဆုရ အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသက်ဆွေဇင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

သာမက ရောဂါကူးစက်မှု များပြားနိုင်သည့် ဦးတည်အုပ်စုများအတွက်ပါ အပြုအမူ ပြောင်းလဲစေရန် ရည်ရွယ်ထားသည့် ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများ၊ အေအိုင်ဒီအက်စ်ရောဂါသာမက တီဘီရောဂါ အပါအဝင် အခြား ဝင်ရောက်လာသည့် ရောဂါများ ကုသရေး လုပ်ငန်းများ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများ၊ အေအိုင်ဒီအက်စ်လူနာများနှင့် မိသားစုများအတွက် ပြည်သူလူထု အခြေပြု ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများစသည့် ဘက်ပေါင်းစုံ ပါဝင်သည့် ပြီးပြည့်စုံသော ကာကွယ်ကုသ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများ (Comprehensive Activities) ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### ရေးဆွဲအတည်ပြု

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများအနက် အဓိကစွမ်းဆောင်မှု မှတ်တိုင် (Mile Stone) တစ်ရပ်ဖြစ်သည့် အမျိုးသား မဟာဗျူဟာ စီမံကိန်း (၂၀၀၆-၂၀၁၀) National Strategic Plan (2006-2010) ကို နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများ အားလုံးပူးပေါင်းပြီး ရေးဆွဲအတည်ပြုနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယင်းအမျိုးသားမဟာဗျူဟာစီမံကိန်းကို ခုခံကျ/ကာလသားရောဂါ ကာကွယ်တားဆီးရေး၊ ကုသရေး မဟာဗျူဟာ ၃၃ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသား မဟာဗျူဟာ စီမံကိန်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး စီမံကိန်းလုပ်ငန်းများကို ငှက်ဖျားနှင့် တီဘီရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများအတွက်ပါ အကျုံးဝင်သည့် Three Diseases Fund ဖြင့် ဆောင်ရွက်သွားနိုင်ရန် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လောလောဆယ်တွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အရှိန်အဟုန်မပျက်စေရေးအတွက် Bridging Fund ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ရောဂါပိုးကူးစက်ခံရသူများနှင့် အေအိုင်ဒီအက်စ် ဝေဒနာရှင်များ၊ မိသားစုများအတွက် ပြုစုစောင့်ရှောက်ကုသမှု လုပ်ငန်းများနှင့် ပတ်သက်ပြီး စိတ်ပိုင်းနှင့် လူမှုရေးအပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်မည့် နှစ်သိမ့်ဆွေးနွေး ပညာပေးလုပ်ငန်းများ၊ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူခြင်းနှင့် အိပ်ချ်အိုင်ဗွီပိုး စစ်ဆေးခြင်းလုပ်ငန်းများ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ပွားများမှု ဟန့်တားစေနိုင်သည့် ဆေးဝါးများ တိုက်ကျွေးခြင်း (Anti-Retro Viral Therapy) လုပ်ငန်းများကို အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်မှုများပြားသည့် ဒေသများ၌သာမက အခြားဒေသများတွင်ပါ လာမည့်နှစ်များအတွင်း ထပ်မံတိုးချဲ့ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် စီစဉ် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လည်း အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် "ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ" ကို တက်ညီလက်ညီ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမျိုးသမီးများ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုမှ ကာကွယ်ရေးနှင့် ရောဂါပိုးရှိသူများအား ပြုစုစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်းတိုးတက် မြင့်မားလာစေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာများသင်ကြားပေးမှု၊ ဝင်ငွေတိုးလုပ်ငန်းများ ကူညီပံ့ပိုးပေးမှုတို့ အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးဆောင်ရွက်ပေးမှုများအပြင် လူမှောင်ခိုကုန်ကူးခံရခြင်းမှ ကာကွယ်ပေးမှုများ၊ လူမှောင်ခိုကုန်ကူးခံရသူ အမျိုးသမီးများအား အဘက်ဘက်က ကူညီစောင့်ရှောက် ပံ့ပိုးပေးမှုများသည်လည်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ် စောင့်ရှောက်ရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးရာရောက်လျက်ရှိကြောင်း။

### ပူးပေါင်းတိုက်ဖျက်

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအပြင် ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ (National NGOs) ၁၈ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ (International NGOs) ၁၇ဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံအေအိုင်ဒီအက်စ်ရောဂါ တားဆီးရေးစီမံချက်၊ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှု တားဆီးရေးစီမံချက်နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် ဒေသဆိုင်ရာနှင့် ဗဟိုအဆင့်စီမံချက် လုပ်ငန်းများမှာပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ တီဘီနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့အဘက်ဘက်ကကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပြန့်ပွားမှုသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစပြီး တဖြည်းဖြည်းလျော့နည်းလာခဲ့သည့်အတွက် အိပ်ချ်အိုင်ဗွီပိုးတွေ့ရှိနှုန်းသည် ၂၀၀၀ပြည့်နှစ်တွင် အရွယ်ရောက်သူ လူဦးရေ၏ ၁၁ ဒသမ၅ရာခိုင်နှုန်းရှိရာမှ ၂၀၀၆ခုနှစ်တွင် ၁၁ ဒသမ၃ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာခြင်းသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒနှင့် ကူညီအားပေးမှု၊ အမျိုးသားကျန်းမာရေး စီမံကိန်းများ၏ မှန်ကန်ပြည့်စုံမှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဘက်စုံပူးပေါင်းပါဝင် ဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကောင်းများ ဖြစ်သည်ဆိုသည်ကို မည်သူမျှငြင်း၍မရနိုင်သည့် အမှန်တရားပင် ဖြစ်ကြောင်း။

### လုပ်ကြံစွပ်စွဲ

ယင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနှင့် HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို မိမိ ပြည်တွင်းမှာသော် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းလှုပ်ရှားမှုများမှာသော်လည်းကောင်း တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ပြီး အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများလည်း ရရှိဖြစ်ထွန်းလျက်ရှိသည့် အချိန်အခါတွင် မြန်မာနိုင်ငံအကျိုး မလိုလားသည့် ပြည်တွင်းပြည်ပ အဖျက်သမားများက ယင်းအခြေအနေကောင်းများကို မျက်ကွယ်ပြုပြီး နိုင်ငံတော် ဂုဏ်သိက္ခာကျဆင်းအောင်၊ နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များ၏ အားထုတ်ကြိုးပမ်းမှုများ သေးသိမ်မှေးမှိန်အောင် မြန်မာနိုင်ငံအတွင်း HIV/ AIDS ရောဂါဆိုးကြီး ကြီးထွားပြန့်ပွားနေသယောင် လုပ်ကြံစွပ်စွဲ ပြောဆိုလျက်ရှိနေကြဆဲပင်ဖြစ်ကြောင်း။

### နိုင်ငံရေးအမြတ်ထုတ်

မြန်မာနိုင်ငံ၏ HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ ရောဂါပိုး ကူးစက်ခံရသူများနှင့် ဝေဒနာရှင်များ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများတွင် နိုင်ငံရေး ပယောဂ သွတ်သွင်းပြီး နိုင်ငံတော်အစိုးရနှင့် လူမှုရေး အသင်းအဖွဲ့များ၏ လုပ်ငန်းများ အနှောင့်အယှက်ဖြစ်အောင်၊ နိုင်ငံတကာ အကူအညီများ အဟန့်အတားဖြစ်အောင် လုပ်ဆောင်နေမှုများ၊ လူသားချင်းစာနာထောက်ထားကူညီဆောင်ရွက်ရမည့် လူမှုရေးလုပ်ငန်းများကို အစိုးရဆန့်ကျင်ရေးအမြင်နှင့် နိုင်ငံရေးအမြတ်ထုတ် လှုပ်ရှားဆောင်ရွက်နေကြသည်များမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့လူသားများအတွက်ပါ နစ်နာဆုံးရှုံးစေမည့် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေမှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားများအကျိုး၊ ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံး၏ အကျိုးကိုသာရှေးရှုပြီး မည်သည့်နှောင့်ယှက်ဟန့်တားမှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားရင်း ကမ္ဘာ့ လူသားများကို အန္တရာယ် ပေးနေသည့် HIV/AIDS ရောဂါဆိုးကြီး မြန်မာ့မြေပေါ်ကသာမက ကမ္ဘာ့မြေပေါ်ကပါ ပျောက်ကွယ်သွားသည်အထိ နိုင်ငံတကာနှင့်ပူးပေါင်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားမှာပင်ဖြစ်ကြောင်း။

### ဆက်လက်ပူးပေါင်း

လူသားချင်း စာနာထောက်ထားမှု စိတ်စေတနာကောင်းဖြင့် မြန်မာနိုင်ငံ HIV/AIDS ရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ငွေအား၊ လူအား၊ နည်းပညာအား ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်ကြသည့် မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများအားလုံးကိုလည်း များစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေနှင့် တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပျံ့နှံ့မှု လျော့နည်းသွားစေရအောင်၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများအား ထိရောက်စွာ ကုသပေးနိုင်စေရအောင်၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူများနှင့် ၎င်းတို့၏မိသားစုများအား နွေးထွေးကြည်ဖြူစာနာစွာ လက်တွဲကူညီ စောင့်ရှောက်ပေးနိုင်စေရအောင်နှင့် အေအိုင်ဒီအက်စ်ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများ လျော့နည်းသွားစေရအောင် မွန်မြတ်သည့် ရည်မှန်းချက်များထားရှိဆောင်ရွက်လျက်ရှိသည်နှင့်အညီ ယင်းရည်မှန်းချက်များ အောင်မြင် အကောင်အထည်ပေါ်လာသည်အထိ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UN Theme Group on HIV/AIDS ၏ Chairperson, Mr. Daniel B. Baker က ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အစီအစဉ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့်(ကာတွန်း)ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုလှိုင်ထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



UN Theme Group on HIV/AIDS ၏ Chairperson, Mr. Daniel B.Baker ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် (ကာတွန်း) ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ထက်နိုင်လင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့ ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာမူလတန်းအဆင့်(ပန်းချီ) ပြိုင်ပွဲတွင် တတိယဆုရ ရန်ကင်းမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မခင်ကြေးမှုံဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

### ဆုချီးမြှင့်

ယင်းနောက် အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်၊ အထက်တန်းအဆင့် (စာစီစာကုံး)ပြိုင်ပွဲများတွင် ပထမဆုရ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မယွန်းလဲ့ခင်၊ အလယ်တန်းအဆင့် (ကာတွန်း) ပြိုင်ပွဲတွင် ပထမဆုရ ကျောက်တန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ ပဉ္စမတန်းကျောင်းသူ မမေထူးမြတ်မွန် နှင့် မူလတန်းအဆင့်(ပန်းချီ) ပြိုင်ပွဲတွင် ပထမဆုရ ရန်ကင်းမြို့နယ် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မခိုင်မေသူ တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်၊ အထက်တန်းအဆင့်(စာစီစာကုံး) ပြိုင်ပွဲတွင် ဒုတိယဆုရ အလုံမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသက်ဆွေဇင်၊ အလယ်တန်းအဆင့် (ကာတွန်း) ပြိုင်ပွဲတွင် ဒုတိယဆုရ ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနွေးရတနာထွန်းနှင့် မူလတန်းအဆင့် (ပန်းချီ) ပြိုင်ပွဲတွင် ဒုတိယဆုရ ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဖူးသဉ္ဇာနိုင်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်၊ အထက်တန်းအဆင့် (စာစီစာကုံး)ပြိုင်ပွဲတွင် တတိယဆုရ ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မထက်ထက်လင်းနိုင်၊ အလယ်တန်းအဆင့်(ကာတွန်း) ပြိုင်ပွဲတွင် တတိယဆုရ အလုံမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်တင့်ဝေဦးနှင့် မူလတန်းအဆင့်(ပန်းချီ) ပြိုင်ပွဲတွင် တတိယဆုရ ရန်ကင်းမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မခင်ကြေးမှုံဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်၊ အထက်တန်းအဆင့်(စာစီစာကုံး) ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဆုရည်နှင်း၊ အလယ်တန်းအဆင့်(ကာတွန်း) ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မစုလှိုင်ထွန်းနှင့် မူလတန်းအဆင့် (ပန်းချီ) ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ တတိယတန်းကျောင်းသူ မဆုထိပ်ထားတို့အား ဆုများချီးမြှင့်သည်။

### နှစ်သိမ့်ဆု

ယင်းနောက် UN Theme Group on HIV/AIDS ၏ Chair-person, Mr. Daniel B. Baker က ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့်၊ အထက်တန်းအဆင့်(စာစီစာကုံး)ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်း ကျောင်းသူ မဟံနေခြည်ဦး၊ အလယ်တန်းအဆင့်(ကာတွန်း)ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ထက်နိုင်လင်းနှင့် မူလတန်းအဆင့် (ပန်းချီ)ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ တတိယတန်းကျောင်းသား မောင်မင်းသီဟတိုးတို့အားဆုများချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမ၌ ပြသထားသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

3-12 (04) 1 12/3/06, 1:39 PM

# ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ လွှို့ဝှက်ဆန္ဒမဲပေးစနစ်ကိုသာ ကျင့်သုံးသင့်




ရန်ကုန် ဒီဇင်ဘာ ၂

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးထွန်းကျော်တို့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်ကတော့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန် ဖြစ်ပါတယ်။ သဘာပတိကြီးနဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်းနဲ့ ပြည်သူများ လိုလားတောင့်တလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အခြေခံမူများချမှတ်ပေးနေတဲ့ အမျိုးသားညီလာခံကြီး ချောမောအောင်မြင်စွာနဲ့ ပြီးမြောက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခု အကြံပြုတင်ပြမယ့် စာတမ်းကို ကျွန်တော်နဲ့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာင်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့ စုပေါင်းအကြံပြုရေးသားခဲ့ကြပြီး စာတမ်းကို ဖတ်ကြားတင်ပြတဲ့နေရာမှာလဲ အပိုင်း(၃)ပိုင်းခွဲပြီး တင်ပြကြမှာဖြစ်ကြောင်း ပဏာမအနေနဲ့ တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဟာ တစ်နည်းအားဖြင့် နိုင်ငံတော်သစ်ကို ဖွဲ့စည်းတည်ဆောက်ခြင်းပင်ဖြစ်ပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားစေရေးနှင့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့ကို အခြေခံထား၍ နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် အခြေခံမူများကိုလဲ ချမှတ်ထားကြပြီးဖြစ်ပါတယ်။ ယင်းနိုင်ငံတော်သစ်ဟာ လူတစ်ဦး၊ လူတစ်စု၊ လူတစ်ဖွဲ့၊ လူမျိုးနွယ်တစ်စု၏ ကောင်းကျိုးအတွက်သာ မဖြစ်စေဘဲ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တစ်မိသားစုဝင်၊ တိုင်းရင်းသားမျိုးနွယ်စုများအားလုံးကို လောကပါလတရားနှင့်အညီ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အကျိုးပြုနိုင်ရမှာဖြစ်ပါတယ်။

မည်သည့်တိုင်းပြည်၌မဆို ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းကြသည့်အခါ ယင်းအခြေခံဥပဒေရေးဆွဲသည့်ကာလအထိ မိမိတိုင်းပြည်၏ သမိုင်းနောက်ခံ၊ တိုင်းပြည်၏ပကတိအခြေအနေ၊ တိုင်းပြည်တွင် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ လူမှုရေး အစရှိသည်များကြောင့်လည်းကောင်း ဖြစ်ပျက်ခံစားခဲ့ကြရသည်။ ခံစားနေရဆဲဖြစ်သည့် ဝဋ္ဋာရုံ၊ အနိဋ္ဌာရုံများ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ထုံးဓလေ့နှင့် ပတ်ဝန်းကျင်အခြေအနေများ စသည့် အကြောင်းတရားများကို သေချာစွာ ဝေဖန်ဆန်းစစ်ကြရပါမယ်။ အတိတ်ကို အတိတ်မှာထားပြီး အရာရာကို မေ့ပစ်ရရိုးထုံးစံမရှိပါ။ အတိတ်သမိုင်းဖြစ်စဉ်များကို တိကျမှန်ကန်စွာ စိစစ်သုံးသပ်ပြီး သင်ခန်းစာများ ထုတ်ယူကြရပါမယ်။ ယင်းသင်ခန်းစာများအရ ပစ္စုပ္ပန်တွင် ကောင်းမွန်သည့် ပတ်ဝန်းကျင်များ ဖန်တီးကြရန် လိုအပ်သကဲ့သို့ အနာဂတ်အတွက် အကျိုးရှိစေရန် စီမံဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။ တိုင်းပြည်၏သင်ခန်းစာကိုယူ၍ ပြည်သူများအား အကျိုးပြုမည့် အခြေခံဥပဒေဖြစ်စေရန် သတိကြီးစွာထား၍ ရေးဆွဲကြရမှာ ဖြစ်ပါတယ်။

အခြေခံဥပဒေဆိုတာဟာ နိုင်ငံတော်ရဲ့အသက်၊ နိုင်ငံတော်ရဲ့ သိက္ခာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းရှိ ပြည်သူများရဲ့ တစ်ခုတည်းသော အားထားကိုးကွယ်ရာ မဏ္ဍိုင်ကြီးလဲ ဖြစ်ပါတယ်။ ဥပဒေအရာမှာ ညီမျှမှုအခွင့်အရေး (Equality before the Law) ရှိနေဖို့ အထူးပင်လိုအပ်မှာဖြစ်သလို မည်သူမျှ ဥပဒေအထက်တွင် ရှိမနေစေသင့်ပါ။ ဒါ့အပြင် အခြေခံဥပဒေတစ်ရပ်သည် ယင်းအခြေခံဥပဒေတစ်ရပ်ကို ပြန်၍ပျက်စီးစေမည့် အချက်အလက်များ မပါရှိစေရန်လဲ အထူးအရေးကြီးလှပါတယ်။ အခြေခံဥပဒေကောင်းတစ်ရပ် ဖြစ်ပေါ်လာရန်မှာ လွယ်ကူသည့်လုပ်ငန်း မဟုတ်ပါ။ အခြေခံဥပဒေကို လူသားများက ရေးဆွဲကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် လူ့အဖွဲ့အစည်း၏ လုပ်ဆောင်ချက်မှန်သမျှသည် ပြီးပြည့်စုံသည်ဟူ၍ မရှိနိုင်ပါ။ လူသားများဖြစ်ကြသည့်အလျောက် အတွေးအခေါ်အမျိုးမျိုး၊ အလုပ်အကိုင်အမျိုးမျိုးနှင့် လူနေမှုစနစ်အမျိုးမျိုးရှိနေကြမှာဖြစ်ပါတယ်။ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့တာဝန်များကိုလည်း လူသားများပင် ထမ်းရွက်ဖော်ဆောင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်ကြတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များကို လိုက်နာစောင့်ထိန်းခြင်းမရှိကြဘဲ လူတစ်စု၊ လူတစ်ဖွဲ့၊ လူမျိုးနွယ်စုတစ်စု၏ ကောင်းကျိုးသက်သက်ကိုသာ အဓိကထား၍ ကိုင်တွယ်လုပ်ဆောင်နေကြမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရအပိုင်းတွင် မည်မျှပင်ကောင်းနေစေကာမူ အုပ်ချုပ်ခံပြည်သူများအတွက်မှာတော့ ထူးခြားမှုရှိလာမှာမဟုတ်ပါ။ တိုးတက်မှုရှိလာမှာ မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ယူကြရမယ့် ပုဂ္ဂိုလ်များအနေဖြင့် စိတ်ကောင်း၊ စေတနာကောင်းများထားရှိကာ ရိုးသားဖြောင့်မှန်စွာ လုပ်ကိုင်ဖော်ဆောင်ကြရန်လည်း အထူးပင် လိုအပ်လှပါတယ်။ တိုင်းသူပြည်သားများကလည်း အခြေခံဥပဒေကို လေးစားကြရန်နှင့် လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရာမှာ စနစ်တကျရှိစေဖို့အတွက် အခန်းအလိုက် ခေါင်းစဉ်(၁၅)ခုကို ဦးစွာ သတ်မှတ်ခဲ့ကြပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ အခန်းလိုက်ခေါင်းစဉ်(၁၅)ခုထဲမှာ “ရွေးကောက်တင်မြှောက်ခြင်း”အခန်း၊ “နိုင်ငံရေးပါတီများ”အခန်းနဲ့ “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ”အခန်းတို့ ပါရှိပါတယ်။ ရှေးဦးစွာ “ရွေးကောက်တင်မြှောက်ခြင်း” အခန်းနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့် မူများနဲ့ပတ်သက်လို့ တင်ပြဆွေးနွေးလိုပါတယ်။

ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူများအရ ကျွန်တော်တို့ရဲ့ အနာဂတ်နိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်းဟာ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် တူညီစွာ ရရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသီးသီးမှာ ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ ပြဋ္ဌာန်းချက်များကို ခွဲခြားလေ့လာတဲ့အခါ–

(၁) နိုင်ငံသားတိုင်းသည် မိမိတို့ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့

(၂) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ဟာ ဆန္ဒမဲပေး ပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအားလုံးနဲ့ အကျုံးဝင်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားများကို ဥပဒေနဲ့အညီ သတ်မှတ်ရာမှာ အသက်ကို ဦးစွာစဉ်းစားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အသက်(၁၈)နှစ်ပြည့်ပြီးသူများဟာ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းရှိပြီး အသိဉာဏ်ဗဟုသုတရှိနိုင်တဲ့ အရွယ်ရောက်ပြီးသူများ ဖြစ်ကြပါတယ်။ ယခင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာရော ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါ အသက်(၁၈)နှစ်ပြည့်ပြီးသူများကိုသာ အခွင့်အရေးပေးခဲ့တဲ့ အစဉ်အလာရှိပါတယ်။ ဒါကြောင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း–

**“ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပါတီစုံဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိကြမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းများဟာလဲ သက်ဆိုင်ရာ မဲဆန္ဒရှင်များအကျိုးကို သယ်ပိုးနိုင်ရန် မဲဆန္ဒနယ် တစ်နယ်ထဲတွင်သာ ပါဝင်ယှဉ်ပြိုင်သင့်ပါတယ်။ အကယ်၍ မဲဆန္ဒနယ်တစ်နယ်ထက် ကျော်လွန်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးမယ်ဆိုပါက ပြည်သူများအတွက် ပြည်သူ့ဆန္ဒနဲ့အညီ ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်ရရှိစေဖို့ ခက်ခဲစေမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံများမှာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တဲ့အခါ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကိုသာ ကျင့်သုံးကြတာ လေ့လာသိရှိရပါတယ်။ ချမှတ်ထားပြီးဖြစ်တဲ့အခြေခံမူများအရ ကျွန်တော်တို့နိုင်ငံမှာလည်း စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးမှာဖြစ်ရာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ရာမှာ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကိုသာ ကျင့်သုံးသင့်ပါတယ်။

ဆန္ဒမဲပေးပိုင်ခွင့်နှင့်ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံးဟာ မိမိတို့ကိုယ်စားပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ရကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသူများ၊ လူမွဲအဖြစ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများနဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများကိုမူ ဆန္ဒမဲပေးပိုင်ခွင့်ပြုရန် သင့်တော်မည်မဟုတ်ပါ။ သို့ဖြစ်၍ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး–

**“(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။**

**(ခ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်”**

ဟုလည်းကောင်း၊

ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍

**“လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်”**

ဟုလည်းကောင်း၊

ဆန္ဒမဲပေးပိုင်ခွင့်မပြုသင့်သူများနှင့်စပ်လျဉ်း၍–

**“အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–**

**(က) သာသနာ့ဝန်ထမ်းများ၊**

**(ခ) ထောင်ဒဏ်ကျခံနေရသူများ၊**

**(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊**

**(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊**

**(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ”**

ဟုလည်းကောင်း၊

ရွေးကောက်ပွဲတစ်ရပ်တွင် မဲဆန္ဒနယ်တစ်နယ်၌ လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် စပ်လျဉ်း၍–

“လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–

**(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။**

**(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်”**

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်မှာဖြစ်ပြီး ပြည်ထောင်စုနယ်မြေများအတွက် လိုအပ်တဲ့ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေများမှာ မှီတင်းနေထိုင်ကြတဲ့ မဲဆန္ဒရှင်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်လိုမည်မဟုတ်ဘဲ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက် တင်မြှောက်ပေးကြရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ နေရာဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်ပါက ယင်းနယ်မြေမှ ရွေးကောက်တင်မြှောက်ခံထားရသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ–မရှိ စဉ်းစားရန် လိုအပ်လာပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဖို့ ဥပဒေပြဋ္ဌာန်းတဲ့အခါ အဲဒီအချက်ကို ထည့်သွင်းစဉ်းစား သတ်မှတ်ပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်း မရှိပါက အဲဒီလွှတ်တော်ကိုယ်စားလှယ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသင့်ပါ။

ဒါကြောင့် ပြည်ထောင်စုနယ်မြေများအတွက် ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး–

**“(က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက် တင်မြှောက်ခွင့်ရှိသည်။**

**(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက် တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်း မရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။



တစ်သီးပုဂ္ဂလကိုယ်စားလှယ်သုံးဦး စုပေါင်းတင်ပြသည့် စာတမ်းကို ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ် စား လှယ် ဒေါက်တာ မှုထန် ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ

စာမျက်နှာ ၅ မှ

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံသားတိုင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အရည်အချင်းများနဲ့ ညီညွတ်မှုရှိပါက လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းတဲ့ အခြေခံမူများအရ နိုင်ငံသားတိုင်းဟာ ရွေးကောက်တင်မြှောက်ခွင့်ရှိသလို တာဝန်မှ ပြန်လည်၍ ရုပ်သိမ်းခွင့်နှင့်ပတ်သက်၍လည်း "ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်"လို့ ချမှတ်ထားပါတယ်။ အဲဒီ အခြေခံမူနဲ့အညီ ရွေးကောက်တင်မြှောက်ထားတဲ့ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားမှသာ နောင်တာဝန်မှ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်း တဲ့အခါ မှီငြမ်းပြုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိနိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ကို တာဝန်မှ ရုပ်သိမ်းလိုတဲ့အခါ ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်း အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ပေးထားသင့်ပါတယ်။

သို့ဖြစ်၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့်စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ အရသော်လည်းကောင်း၊ အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"**

ဟု လည်းကောင်း၊

တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍–

**"(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–**

**(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊**

**(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊**

**(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊**

**(၅) ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊**

**(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။**

**(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်။**

**(င) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်"**

ဟု လည်းကောင်း၊

ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍–

**"ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်တယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများပါ နိုင်ငံတော်ရဲ့ ဦးတည်ချက် (၆) ရပ်မှာ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး" ဆိုတဲ့ ဦးတည်ချက်တစ်ရပ်လဲ ပါရှိပါတယ်။ စစ်မှန်သော တစ်နည်းအားဖြင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ဆောင်ရွက်ရာမှာ ရွေးကောက်ပွဲဆိုင်ရာ အခန်းကဏ္ဍဟာလည်း အဓိကနေရာမှ ပါဝင်လျက်ရှိပါတယ်။ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်ဟုလည်းကောင်း၊ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟု လည်းကောင်း ချမှတ်ထားရှိပါတယ်။ အဲဒီလိုချမှတ်ထားတဲ့ မူများနဲ့အညီ ပြဋ္ဌာန်းထားတဲ့ဥပဒေများကို အကောင်အထည်ဖော်ပေးဖို့ အဖွဲ့အစည်းတစ်ရပ် လိုအပ်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့အခါ နိုင်ငံရေးပါတီအဖွဲ့အစည်းများလည်း ဖွဲ့စည်းလာကြမှာ ဖြစ်ပါတယ်။ "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်"လို့ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံက အခြေခံရမယ့်မူအဖြစ် ချမှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီလို နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ ဥပဒေကို အကောင်အထည်ဖော်ပေးဖို့ အဖွဲ့အစည်းတစ်ရပ်လည်း လိုအပ်လာမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ပေးနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက်လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးဖို့လိုအပ်လာပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း–

**"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး (၅)ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။**

**(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်–**

**(၁) အသက် (၅၀) နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊**

**(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်၊**

**(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူရာထူးတာဝန် တစ်ခုခုတွင်ဖြစ်စေ၊ အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)**

**(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)**

**(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)**

**(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်။**

**(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်၊**

**(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်၊**

**(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊**

**(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်၊**

**(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်၊**

**(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အဓိကနေရာက ပါဝင်လျက်ရှိနေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများကို ဥပဒေနဲ့အညီ ကျင်းပပေးရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လွတ်လပ်ပြီးတရားမျှတတဲ့ လွှတ်တော်ရွေးကောက်ပွဲတွေ ဖြစ်စေရန်အတွက်လည်း ဥပဒေနဲ့အညီ ကြီးကြပ်ပေးရမှာ ဖြစ်ပါတယ်။ လွှတ်တော်ရွေးကောက်ပွဲတွေကို နိုင်ငံတစ်ဝန်းလုံးမှာ ကျင်းပဖို့ရှိရာ ရွေးကောက်ပွဲတစ်ရပ်လုံး သွက်လက်ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းပေးခြင်း၊ အနီးကပ်ကြီးကြပ်ပေးခြင်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် လွှတ်တော်အလိုက် မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲတစ်ရပ်ရဲ့ အဓိကအရေးကြီးဆုံးလုပ်ငန်းဖြစ်တဲ့ မဲစာရင်းများ ပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော် လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ဖို့ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်းကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုပဲ တာဝန်ယူ ဆောင်ရွက်စေသင့်ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများ၊ နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခွင့်တာဝန်များကိုလည်း ပေးအပ်ထားသင့်ပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့တာဝန်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး–

**"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊**

**(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊**

**(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊**

**(ဃ) မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊**

**(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊**

**(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လည်းကောင်း၊ ထုတ်ပြန်ခြင်း၊**

**(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊**

**(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း"**

လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနဲ့ပတ်သက်၍ အကြံပြုတင်ပြ ဆွေးနွေးလိုပါတယ်။ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြီးစီးတဲ့အခါမှာ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်တင်ပြခြင်း အပါအဝင် အခြားလုပ်ငန်း ဆောင်ရွက်စရာများကို သတ်မှတ် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြရပါတယ်။ ထို့အတူ ရွေးကောက်ပွဲကို တာဝန်ယူကြီးကြပ်ရတဲ့ အဖွဲ့အစည်းမှလည်း လွှတ်တော်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး အပြီးသတ် အစီရင်ခံစာ ထုတ်ပြန်ပေးရကြောင်းကို လေ့လာသိရှိရပါတယ်။ ချမှတ်ထားပြီးတဲ့ အခြေခံမူများတွင် လွှတ်တော်အစည်းအဝေးများနှင့် ပတ်သက်၍–

"ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်"ဟု လည်းကောင်း၊

"အမျိုးသားလွှတ်တော်၏ သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်၏ သက်တမ်းစတင်သောနေ့ဖြစ်သည်"ဟု လည်းကောင်း၊

"အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်" ဟုလည်းကောင်း ပါရှိပြီးဖြစ်ရာ လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို သတ်မှတ်ပြဋ္ဌာန်းချက်နဲ့အညီ ကျင်းပပြုလုပ်နိုင်ရန်အတွက် အပြီးသတ် အစီရင်ခံစာကို အချိန်မီ ထုတ်ပြန်ပေးရန်လိုအပ်မည်ဟု ထင်မြင်ယူဆမိပါတယ်။ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ပေးနိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များမှလည်း မိမိတို့နှင့် သက်ဆိုင်သည့် ဆောင်ရွက်စရာရှိသည့်လုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ကြရန် လိုအပ်မှာ ဖြစ်ပါတယ်။ အပြီးသတ်အစီရင်ခံစာကြောင့် လွှတ်တော် အစည်းအဝေးများကို ရက်ရွှေ့ဆိုင်း ကျင်းပရခြင်းမျိုး မဖြစ်စေသင့်ပါ။ သို့ဖြစ်၍ နောင်အနာဂတ် နိုင်ငံတော်သစ်တွင် ပြည်ထောင်စုလွှတ်တော်မှ ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍ လိုအပ်တဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်သည့်အခါတွင်–

**(က) ရွေးကောက်တင်မြှောက်ခြင်း ခံထားရသည့် လွှတ်တော် ကိုယ်စားလှယ်များမှ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်သည့် အချိန်ကာလကို လည်းကောင်း၊**

**(ခ) ရွေးကောက်ပွဲ ကော်မရှင်မှ အပြီးသတ် အစီရင်ခံစာထုတ်ပြန်ပေးရမည့် အချိန်ကာလကို လည်းကောင်း** တိတိကျကျ ထည့်သွင်းသတ်မှတ်နိုင်ရန်အတွက် စဉ်းစားသင့်ပါကြောင်း သီးခြားအကြံပြုချက် တစ်ရပ်အနေဖြင့် ရိုးသားစွာအကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ ရာထူးလစ်လပ်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ဟာ နိုင်ငံ့ဝန်ထမ်းဖြစ်နေရင် ဆောင်ရွက်ရမယ့်ကိစ္စ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ်အတည်ဖြစ်စေခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ အဆင့်သတ်မှတ်ခြင်းများနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း–

**၁။ "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။**

**၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။**

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

စာမျက်နှာ ၆ မှ

၃။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်–

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သော ကိစ္စရပ်များ။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့်သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်”

လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ ဖြစ်ရမည်လို့ အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ခဲ့ကြပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့်မူနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်နေသူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာ နေထိုင်ခဲ့တဲ့ကာလတွေကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်တွင် အငြင်းပွားမှုများဖြစ်ပွားနိုင်ဖွယ်ရာရှိပါတယ်။ ယခုအခါ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် နိုင်ငံသားအတော်များများဟာ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်ရေး ကိုယ်တာကိစ္စဖြင့် သွားရောက်ခြင်းများ ရှိနေပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာနေထိုင်တဲ့ကာလကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် သတ်မှတ်ပေးသင့်ပါတယ်။

သို့ဖြစ်၍–

**“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ”** ဟု ချမှတ်ထားတဲ့ အသေးစိတ် အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ် **“နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့်နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့်ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်”**ဟု ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးအောင်သိန်းမှ ဆက်လက်ဖတ်ကြားတင်ပြမည် ဖြစ်ပါတယ်။

## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် “နိုင်ငံရေးပါတီများအခန်း”အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြချက်စာတမ်း

ကျွန်တော်ကတော့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နေထိုင်ကြရာမှ ၁၈၈၅ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်သို့ လုံးဝကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာပိုင်စိုးမှုကိုလဲ လက်လွတ်ဆုံးရှုံးခဲ့ကြရပါတယ်။ နယ်ချဲ့လက်အောက်မှ ပြန်လည်လွတ်မြောက်ဖို့အတွက် ခေတ်ပညာတတ်လူငယ်များ၊ မျိုးချစ်ပုဂ္ဂိုလ် ရဟန်း ရှင်လူများက “အင်္ဂလိပ်စာ ထွန်တုံးပေါ်ရောက်ရမည်”ဟု ကြွေးကြော်သံနဲ့အတူ အမျိုးသားရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် အမျိုးသားကျောင်းများကို စတင်တည်ထောင်ခဲ့ကြပါတယ်။ အမျိုးသားကျောင်းများနဲ့အတူ အစည်းအရုံးများ၊ အဖွဲ့များ၊ နိုင်ငံရေးပါတီများလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ နိုင်ငံရေးပါတီများ၊ အဖွဲ့များ၊ အစည်းအရုံးများက ပြည်သူလူထုအကြား တိုင်းချစ်၊ ပြည်ချစ်စိတ်များ ပေါက်ဖွားလာစေရန်အတွက် (လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ)ဆိုတဲ့ ကြွေးကြော်သံဖြင့် လှည်းနေ၊ လှေအောင်း မြင်းဇောင်းမကျန် စည်းရုံးလှုံ့ဆော်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလှုံ့ဆော်ချက်ကြောင့်ပင် တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးသားစိတ်ဓာတ်များဟာ ပြည်သူပြည်သားတွေရဲ့ အသွေးထဲ၊ အသားထဲထိအောင် စိမ့်ဝင်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုများ ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

လွတ်လပ်ရေးပြန်ရတော့လဲ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ် အသွယ်သွယ်ကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်မဆောင်ရွက်နိုင်ခဲ့ကြပါ။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလအတွင်းမှာ ရှိခဲ့တဲ့ နိုင်ငံရေးပါတီတွေရဲ့ လှုပ်ရှားမှုတွေကို ပြန်ပြောင်းသုံးသပ်ကြည့်မယ်ဆိုရင် ပါတီစုံစနစ်ရဲ့အကောင်း အဆိုး၊ အကျိုးအပြစ်တွေ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းပြည်တစ်ပြည်ကို စီမံအုပ်ချုပ်တဲ့နေရာမှာ နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် ကင်းကွာ၍ရမည် မဟုတ်ပါ။ တိုင်းပြည်တစ်ပြည်မှာ လူမျိုးအသီးသီး၊ လူထုလူတန်းစားအသီးသီး၊ အလွှာအသီးသီး၊ ဘဝအခြေအနေအသီးသီး၊ ထင်မြင်ယူဆချက်အသီးသီး ရှိနေကြခြင်းဟာ ပကတိအရှိတရားများ ဖြစ်ကြပါတယ်။ ဒီလို အမျိုးမျိုးအဖုံဖုံ တည်ရှိနေတဲ့ သဘောသဘာဝအလျောက် ဆန္ဒသဘောထား ရပ်တည်ချက်တွေဟာလဲ အမျိုးမျိုးရှိနေကြမှာ ဖြစ်ပါတယ်။ အဲဒီလို ဆန္ဒသဘောထားရပ်တည်ချက် အမျိုးမျိုးကို ထင်ဟပ်ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးပါတီများရှိရန် လိုအပ်ပါတယ်။

**တစ်သီးပုဂ္ဂလကိုယ်စားလှယ်သုံးဦးစုပေါင်းတင်ပြသည့် စာတမ်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှတစ်သီးပုဂ္ဂလကိုယ် စား လှယ် ဦးအောင်သိန်း ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)



– နိုင်ငံရေးအနှစ်သာရကို အဓိပ္ပာယ်ထိထိမိမိ နားလည်လာကြမယ်၊
– မိမိတို့၏ဆန္ဒသဘောထားများကို ဖော်ပြနိုင်စွမ်းရှိလာကြမယ်၊
– နိုင်ငံရေးကို ငြီးငွေ့မသွားဘဲ စိတ်ပါဝင်စားလာကြမယ်၊
– မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်များကို ထိန်းကျောင်းနိုင်စွမ်းရှိလာပြီး သူတစ်ပါး၏ ဝါဒဖြန့်မှု၊ သိမ်းသွင်းမှုကို နားမယောင်၊ လက်မခံ ဖြစ်လာကြပါမယ်။

နိုင်ငံသားတိုင်း နိုင်ငံရေးနိုးကြားလာသလို နိုင်ငံရေးပါတီများအနေဖြင့်လဲ တစ်နိုင်ငံလုံးအရေး၊ ဒေသဆိုင်ရာအရေး၊ အမျိုးသားအရေး၊ လူမျိုးစုများအရေး စသည်တို့ကို မျှမျှတတ၊ ချင့်ချင့်ချိန်ချိန်၊ မှန်မှန်ကန်ကန် ဖော်ဆောင်လာနိုင်ကြမှာ ဖြစ်ပါတယ်။ နောင်အနာဂတ်နိုင်ငံတော်သစ်မှာ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံစနစ်ကို ကျင့်သုံးမှာဖြစ်ရာ နိုင်ငံသားတိုင်းအနေနဲ့ နိုင်ငံရေးကို သိရှိနားလည်သဘောပေါက်လာကြရန်အတွက် လည်းကောင်း၊ နိုင်ငံရေး အတွေးအမြင်ဗဟုသုတများ ကြွယ်ဝလာစေရန်အတွက်လည်းကောင်း၊ တိုင်းသူပြည်သားများအနေဖြင့် အလွန့်အလွန် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။ မည်သို့ပင်ကြိုးစားစေကာမူ နေ့ချင်း၊ ညချင်းတော့ ဖြစ်လာနိုင်မှာ မဟုတ်ပါ။ အချိန်ကာလ အပိုင်းအခြားတစ်ခုအထိ အချိန်ယူကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် တာဝန်ရှိသူများကလဲ ကျေးသား၊ ရင်သား မခွဲခြားဘဲ မြေတောင်မြှောက်လမ်းဖွင့်ပေးကြရပါမယ်။ ဒါကြောင့် ပြည်သူပြည်သားများအတွင်း တိုင်းရေး၊ ပြည်ရေးဟာ မိမိတို့အရေးဖြစ်တယ်လို့ တာဝန်သိသိ ခံယူလာနိုင်စေရန်အတွက် လည်းကောင်း၊ နိုင်ငံသားတိုင်း နိုင်ငံရေးကို ငြီးငွေ့ခြင်းမရှိစေဘဲ စိတ်ပါဝင်စားလာနိုင်စေရေးအတွက် လည်းကောင်း၊ ပြည်သူပြည်သားများက မိမိတို့၏ နိုင်ငံရေးရည်ရွယ်ချက်များကို ထိန်းကျောင်းထားနိုင်စွမ်းရှိပြီး သူတစ်ပါး၏ ဝါဒဖြန့်မှု၊ သိမ်းသွင်းမှုကို နားမယောင်မိကြစေရန်အတွက် နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိဖြင့် အစဉ်နိုးကြားကြရန်လည်းကောင်း သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ မိမိတို့ပါတီဝင်များနှင့် ယင်းပါတီဝင်များနဲ့ ဆက်သွယ်လျက်ရှိကြတဲ့ ပြည်သူများကို ပညာပေးစည်းရုံးနိုင်စွမ်းရှိကြမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ကျင့်သုံးခဲ့ကြတဲ့ ပါလီမန်ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်ဒီမိုကရေစီတွေမှာ အားနည်းချက်များနဲ့ ချို့ယွင်းချက်များကို ကြုံတွေ့ခဲ့ကြရပြီး ဖြစ်ပါတယ်။ အဲဒီအားနည်းချက်များနဲ့ ချို့ယွင်းချက်များ ကြုံတွေ့ရခြင်းအကြောင်းကိုလေ့လာလျှင် သမိုင်းကြောင်းအရ

## ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများ၏ အရည်အချင်းကို သတ်မှတ်ပြဋ္ဌာန်းပေးရမည် နိုင်ငံရေးပါတီတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်

အမျိုးသားညီလာခံက“နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်”လို့ အခြေခံမူချမှတ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံရေးပါတီဆိုတာဟာ တိုင်းပြည်နဲ့ ပြည်သူအကျိုးအတွက် လူတော်လူကောင်းများ ရှာဖွေရာဌာနဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။ နိုင်ငံရေးလုပ်ခြင်းကိုလဲ နိုင်ငံ့အရေးအရာများကို လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်တဲ့အတွက် မွန်မြတ်တဲ့ လုပ်ငန်းဖြစ်တယ်လို့ ယူဆပါတယ်။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ အနှစ်သာရအချက် ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမိုကရေစီကို တကယ်လေးစားသူများဟာ နိုင်ငံရေးပါတီများကို တကယ်လေးစားကြရပါမယ်။ နိုင်ငံရေးပါတီများကို ရွံရှာမုန်းတီးသူများဟာ ဒီမိုကရေစီသမားများ မဟုတ်နိုင်ပါ။ ပြည်သူများကို နိုင်ငံရေးမှာ ကြောက်ရွံ့ထိတ်လန့်နေအောင်၊ စိတ်မဝင်စားရဲအောင် ခြောက်လှန့်ဖန်တီးနေသူများဟာ ဒီမိုကရေစီကိုဆန့်ကျင်၍ အာဏာရှင်ဖြစ်လိုသူများသာ ဖြစ်ကြပါတယ်။ နိုင်ငံရေးရာဟာ အများပြည်သူတို့ရဲ့ ရေးရာဖြစ်တဲ့အတွက် ဖြစ်ပေါ်လာမယ့် အနာဂတ်နိုင်ငံတော်မှာ နိုင်ငံ့အရေးကို စိတ်ဝင်စားသူများအား နိုင်ငံရေးလုပ်ကိုင်ခွင့်ပြုတဲ့မူ သတ်မှတ်ပေးထားခြင်းဟာ လျော်ကန်သင့်မြတ်လှပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့လည်း နိုင်ငံ့အကျိုးသယ်ပိုးရွက်ဆောင်ကြတဲ့ အခါမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမယ့် လုပ်ရပ်မျိုးတွေ၊ ပြည်ထောင်စုကြီး ပြိုကွဲစေမယ့်လုပ်ရပ်မျိုးတွေ မလုပ်မိကြဖို့၊ ရှောင်ရှားကြဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**“နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်”**

လို့အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်သူများအတွင်း တိုင်းရေး၊ ပြည်ရေးဟာ မိမိတို့အရေးဖြစ်တယ်လို့ တာဝန်သိသိခံယူလာမှသာ အဲဒီလိုအသိရှိတဲ့ ပြည်သူအများစုနေထိုင်တဲ့ နိုင်ငံတော်ဟာလဲ ဒီမိုကရေစီနိုင်ငံတော်ရဲ့ အင်္ဂါရပ်နဲ့ ပိုမိုပြည့်စုံလာမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအတွင်းမှာ ပြဿနာများရှိလာပါကလည်း ဒီမိုကရေစီနည်းလမ်းများနဲ့အညီ ကိုယ်ပိုင်နည်း၊ ကိုယ်ပိုင်ဟန်ဖြင့် ကုစားဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီဆိုတာဟာ နိုင်ငံ့အရေးအတွက် ခံယူချက်ခြင်း၊ ရည်ရွယ်ချက်ခြင်း တူညီသူများစုပေါင်းပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ နိုင်ငံတော်အတွက် အသင့်တော်ဆုံးနဲ့ အကောင်းဆုံး ခေါင်းဆောင်မှုပေးနိုင်မယ့် ပုဂ္ဂိုလ်များကို လျာထားသတ်မှတ်ပေးကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားတဲ့ဥပဒေများနဲ့အညီ ရွေးကောက်တင်မြှောက်နိုင်အောင်လဲ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများရဲ့ ခေါင်းဆောင်များဟာ ပါတီဝင်များ နိုးကြားလာတာနဲ့အမျှ မိမိအကျိုးနှင့် ပါတီအကျိုးထက် နိုင်ငံ့အကျိုးကို ဦးစားပေးလုပ်ဆောင်လာကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်း နိုင်ငံရေးအမြင်ရှိဖို့ အထူးလိုအပ်လှပါတယ်။ နိုင်ငံသားတိုင်းမှာ နိုင်ငံရေး အမြင် ရှိလာကြပြီဆိုရင်–

ဒီမိုကရေစီ အတွေ့အကြုံနည်းပါးသေးခြင်း၊ ပါလီမန်ဒီမိုကရေစီဟု ဆိုသော်လည်း အနှစ်သာရအားဖြင့် တစ်ပါတီအသွင်သဏ္ဌာန်ဖြင့်သာ အုပ်စိုးခဲ့ခြင်း၊ ပြည်သူပြည်သားများသည် ဒီမိုကရေစီအခွင့်အရေးနှင့် တာဝန်များကို အသိတရားရှိစွာဖြင့် ခွဲခြားကျင့်သုံးနိုင်သည်အထိ မဖွံ့ဖြိုးသေးခြင်း၊ ပါတီအဖွဲ့အစည်းအများကလည်း ဒီမိုကရေစီ အခွင့်အရေးများကို တာဝန်သိသိ ကျင့်သုံးလာနိုင်စေရန် ပြည်သူပြည်သားများအား လေ့ကျင့်ပညာပေးနိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်း အားနည်းခဲ့ခြင်း၊ ဒီမိုကရေစီ အနှစ်သာရများပေါ်လွင်အောင် ကျင့်သုံးနိုင်စေမည့် အဆောက်အအုံများ မဖွံ့ဖြိုးသေးခြင်း၊ ပါတီတွင်း ဒီမိုကရေစီ လျော့နည်းလာရာမှ ပါတီတွင်း ဒီမိုကရေစီ ဆိတ်သုဉ်းသွားခြင်း၊ ဗဟိုဦးစီးချုပ်ကိုင်မှုများလာခြင်း အစရှိတဲ့ အကြောင်းများဟာ အကြောင်းအရာပေါင်း မြောက်မြားစွာအနက် အရေးပါတဲ့ အကြောင်းများ ဖြစ်ပါတယ်။ ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်များကို သင်ခန်းစာယူပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီ စနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ၏ အရည်အချင်းကို သတ်မှတ်ထားရန် လိုအပ်မည်ဟု ယူဆပါတယ်။ နောင်တွင် အငြင်းပွားမှုများ မရှိရလေအောင်–

**“ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများ၏ အရည်အချင်းကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီတစ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမယ့်အပြင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ထားရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများ လိုက်နာရမယ့် သတ်မှတ်ချက်များနှင့်စပ်လျဉ်းပြီး–

**“နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။**

**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံမှာ ခိုင်မာပြီး စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှုပေးနိုင်မှသာလျှင် တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ အဲဒီလိုပါတီမျိုးရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သင့်တော်သောမူများကို ချမှတ်ပြဋ္ဌာန်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီအနှစ်သာရမပျက်စေဘဲ နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းသင့်ပါတယ်။ အဲဒီလိုစနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဥပဒေနဲ့အညီ နိုင်ငံတော်အတွင်း နိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်ရှိရမှာ ဖြစ်သလို ရွေးကောက်ပွဲအဆင့်ဆင့်မှာလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်–

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

3-12 (07) 1 12/3/06, 1:40 PM

# နိုင်ငံရေးပါတီတစ်ရပ်သည် ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ထားရမည်

စာမျက်နှာ ၇ မှ

**"နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"**

လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပါတီတည်ထောင်ခွင့်နှင့်ပတ်သက်၍ တင်ပြဆွေးနွေးလိုပါတယ်။ ပြည်သူပြည်သားကိုအကျိုးပြုသော ပါတီစုံစနစ်ဖြစ်လာစေရန်မှာ နိုင်ငံရေးပါတီများအနေနဲ့ အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးဆက်သွယ်ပေးသော တံတားများသဖွယ်ဖြစ်သင့်ပါတယ်။ ထို့အပြင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ ပြည်သူ့အကျိုးစီးပွားနှင့် ကိုက်ညီမယ့် မူဝါဒများ လုပ်နည်းလုပ်ဟန်များကို ချမှတ်ပေးနိုင်တဲ့ ပါတီများဖြစ်ရန် လိုအပ်ပါတယ်။ ပါတီတစ်ရပ်ရပ်တွင် ရှိသင့်ရှိထိုက်သော လမ်းညွှန်သဘော တရားများ၊ အခြေခံလမ်းစဉ်နှင့်ကျင့်စဉ်များလည်း ရှိသင့်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို ဖွဲ့စည်းရာမှာ တစ်နိုင်ငံလုံးကိုလွှမ်းခြုံနိုင်တဲ့ပါတီများ ရှိမှာဖြစ်သလို နယ်မြေဒေသအလိုက် ကိုယ်စားပြုသောပါတီများ၊ တိုင်းရင်းသားလူမျိုးနွယ်စုများကို ကိုယ်စားပြုသော ပါတီများကိုလည်း ဖွဲ့စည်းခွင့်ပြုစေသင့်ပါတယ်။

**သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းတဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းတဲ့အခါမှာ ပြည်ထောင်စုတစ်ခုလုံးအတွက်သော်လည်းကောင်း၊ နယ်မြေဒေသအလိုက်သော်လည်းကောင်း နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ရှိစေရန်အတွက် ထည့်သွင်းစဉ်းစားပေးသင့်ပါကြောင်း သီးခြားအကြံပြုချက်** တစ်ရပ်အဖြစ် အကြံပြုတင်ပြဆွေးနွေးအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများဟာ ဒို့တာဝန်အရေး(၃)ပါးနဲ့ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများလိုလည်း လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒများနဲ့အညီ နိုင်ငံတော်ဟာလွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှာဖြစ်သလို နိုင်ငံရေးပါတီများအနေဖြင့်လည်း လိုက်နာစောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများဟာ နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးထိပ်ထားဆောင်ရွက်ပေးရမယ့် အဖွဲ့အစည်းများဖြစ်တာနဲ့အညီ တစ်နိုင်ငံလုံးအရေးထက် ဒေသအရေးကိုလည်းကောင်း၊ အမျိုးသားရေးထက် ပုဂ္ဂိုလ်ရေးများကို လည်းကောင်း ဦးစားမပေးမိဖို့ အထူးလိုအပ်လှပါတယ်။ ပါတီများဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေတဲ့ ပြဋ္ဌာန်းချက်များကိုလဲ တိတိကျကျသတ်မှတ်ပေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေတဲ့ ပြဋ္ဌာန်းချက်များအနက် တစ်ခုခုနဲ့ ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိပါက အဲဒီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်သင့်ပါတယ်။ ဒါပေမယ့် ငြိစွန်းတယ်ဆိုတာနဲ့ ပတ်သက်၍လည်း မထင်ရင်မထင်သလို စွပ်စွဲပြစ်တင်ခြင်းမျိုး မဖြစ်စေသင့်ပါ။ ပါတီများကို မပယ်ဖျက်မီ စွပ်စွဲချက်များကို တိတိကျကျစုံစမ်း၍ ခိုင်ခိုင်မာမာရှိမှသာလျှင် ပြဋ္ဌာန်းချက်ပါအတိုင်း ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိခြင်းနှင့်စပ်လျဉ်း၍–

၁။ **"နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်း တစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အားလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊**

၂။ **နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊(ခ)၊(ဂ) သို့မဟုတ်(ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်"**

လို့အသေးစိတ်အခြေခံရမယ့် မူအဖြစ်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူများအနက် အုပ်ချုပ်ရေးအခန်းနှင့် တရားစီရင်ရေးအခန်းပါ (ခုခံချေပခွင့်) ဆိုင်ရာ အချက်အချို့ကို ကောက်နုတ်တင်ပြဆွေးနွေးလိုပါတယ်။

၁။ တရားစီရင်ရေးနှင့်စပ်လျဉ်းတဲ့ အခြေခံမူများအနက် အပိုဒ်(၅)တွင်–

**"အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ်သတ်မှတ်သည်–**

**– ဥပဒေနှင့်အညီလွတ်လပ်စွာ တရားစီရင်ရေး၊**

**– ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊**

**– အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး"**

ဟုလည်းကောင်း၊

၂။ **နိုင်ငံတော်အကြီးအကဲ အခန်းပါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံမူများ အနက် အပိုဒ်(၁၆)၊ အပိုဒ်ခွဲ(င)တွင်–**

**"စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးသည့်အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်"**

ဟုလည်းကောင်း၊

၃။ တရားစီရင်ရေးအခန်း အပိုဒ်(၄)ပါ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းပြီး အပိုဒ် (၄)၊ အပိုဒ်ခွဲ(ဆ)တွင်–

**"စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲပြစ်တင်ခြင်းခံရသူအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်"**

ဟုလည်းကောင်း၊

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် အပိုဒ်(၂၃)၊ အပိုဒ်ခွဲ(ဃ)တွင်–

**"စွပ်စွဲချက်ကိုစုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲပြစ်တင်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်"**

ဟုလည်းကောင်း အသီးသီးချမှတ်ထားကြပြီးဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီ တစ်ရပ်ရပ် ရပ်တည်ပိုင်ခွင့် မရှိခြင်းနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြလိုပါတယ်။ အထက်တွင်ဖော်ပြခဲ့တဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခန်းပါ အခြေခံရမယ့်မူများနည်းတူ နိုင်ငံရေးပါတီတစ်ရပ်ရပ်ကို မဖျက်သိမ်းမီ မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက မိမိ၏စွပ်စွဲချက်များနှင့် ပတ်သက်၍ အထောက်အထားများ၊ သက်သေများကို တင်ပြပြီးမှ စွပ်စွဲစေသင့်ပါတယ်။ ၎င်းစွပ်စွဲချက်နှင့် ပတ်သက်၍ စွပ်စွဲခံရသည့် နိုင်ငံရေးပါတီတစ်ရပ်ရပ်အား ပြန်လည်ခုခံချေပခွင့်ပေးသင့်ပါတယ်။ တာဝန်ရှိသူများအနေနဲ့လည်း စွပ်စွဲချက်နဲ့ ပြန်လည်ချေပချက်တို့ကို အကျေအလည် သုံးသပ်ပြီးမှသာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်သင့်ပါတယ်။ အယူခံခွင့်လည်း ပေးထားသင့်ပါတယ်။ နောင်အနာဂတ် နိုင်ငံတော်သစ်တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဆက်လက်တည်တံ့နိုင်ရေးအတွက် နိုင်ငံရေးပါတီများ ရှင်သန်နေရန်လိုအပ်ရာ နိုင်ငံရေးပါတီများအား တစ်ဖက်သတ် စွပ်စွဲပြစ်တင်ပြီး အရေးယူခြင်းမျိုး မပြုလုပ်သင့်ဟုလည်း ထင်မြင်ယုံကြည် ယူဆပါတယ်။ ဒါကြောင့် "နိုင်ငံရေးပါတီ တစ်ရပ်ရပ် ရပ်တည်ပိုင်ခွင့် မရှိခြင်းနှင့် ပတ်သက်၍ ယင်းပါတီမှ ဖြေရှင်းထုချေခွင့်နှင့် အယူခံပိုင်ခွင့်အတွက် အခွင့်အရေးများကို နောင်ဖြစ်ပေါ်လာမည့် ပြည်ထောင်စုလွှတ်တော်တွင် လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်စေသင့်ပါကြောင်း သီးခြားအကြံပြုချက် တစ်ရပ်အနေဖြင့် တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများဟာ နိုင်ငံတော်၏အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန် ဆောင်ရွက်ပေးကြဖို့ တာဝန်ရှိကြပါတယ်။ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်လည်းကောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုပေးနိုင်မယ့် နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်ပါတယ်။ ထို့အတူ နိုင်ငံရေးပါတီဝင်များရော၊ ပါတီကို ဦးဆောင်ဦးရွက်ပြုတဲ့ ပုဂ္ဂိုလ်များပါ ရိုးသားသူများဖြစ်ပြီး၊ အကျင့်သီလ ကောင်းမွန်သူများ ဖြစ်သင့်ပါတယ်။ ဒါပေမယ့် ၎င်းတို့ဟာလည်း လူသားများပင်ဖြစ်ရာ အခါအားလျော်စွာ ပါတီတွင်းမှာဖြစ်စေ၊ ပါတီပြင်ပမှာဖြစ်စေ အမှားများ၊ ပြစ်မှုများ ကျူးလွန်မိတတ်ကြမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ အထူးသဖြင့် ပါတီတွင်းကိစ္စများကို ပါတီတွင်းမှာသာ ဖြေရှင်းစေသင့်ပါတယ်။ ကျူးလွန်သော ပြစ်မှုတစ်ခုခုအတွက် ပါတီဝင်တစ်ဦးဦး သို့မဟုတ် ပါတီခေါင်းဆောင် တစ်ဦးဦးအား မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တိုက်ရိုက်အရေးယူခြင်းမျိုး မပြုလုပ်သင့်ပါ။ သက်ဆိုင်ရာ နိုင်ငံရေးပါတီ ဦးဆောင်အဖွဲ့နှင့်ညှိနှိုင်းပြီး ပါတီဦးဆောင်အဖွဲ့မှသာ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်စေသင့်ပါတယ်။ သို့ဖြစ်၍ နိုင်ငံရေး ပါတီများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း သီးခြားအကြံပြုချက် တစ်ရပ်အနေဖြင့် အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံရေးပါတီများအနေနဲ့ ဦးဆောင်ဦးရွက်ပြုတဲ့အခါမှာ အမျိုးမျိုးအဖုံဖုံ မဖြစ်ရလေအောင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါတယ်။

ဒါကြောင့်–

**"ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများအခန်းနှင့်စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းဖော်ပြရမယ်ဆိုရင်–

၁။ **နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်။**

၂။ **ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများ၏ အရည်အချင်းကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။**

၃။ **နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**

**(ဂ) ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ထားရမည်၊**

၄။ **နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်၊**

၅။ **နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင်ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူ အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**

၆။ **နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ်(၄)အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့် ပေးထားနိုင်သော အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**

၇။ **ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။**

တို့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးထွန်းကျော်မှ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ

ကျွန်တော်ကတော့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိရမယ့် အခန်းလိုက်ခေါင်းစဉ်များ လျာထားသတ်မှတ်ရာတွင် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ"ဟူ၍ ခေါင်းစဉ်တစ်ရပ် သီးခြားသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်နဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို အခြေခံကာ အကြံပြုတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မူများအရ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရယ်လို့ နယ်မြေများ သတ်မှတ်ပါရှိမှာဖြစ်ပြီး၊ အဲဒီတိုင်းဒေသကြီး၊ ပြည်နယ်နဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိုလည်း ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့တရားစီရင်ရေးအာဏာများကို ခွဲဝေအပ်နှင်းပေးမှာဖြစ်ပါတယ်။ အဲဒီလိုအပ်နှင်းပေးတဲ့ အာဏာတွေအနက် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရတဲ့ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားဟာ စဉ်ဆက်မပြတ် လည်ပတ်နေနိုင်ဖို့ အထူးအရေးကြီးပါတယ်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေရဲ့ ချို့ယွင်းမှု၊ အားနည်းမှုတွေကြောင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ လျော့ရိလျော့ရဲ ဖြစ်လာနိုင်ပါတယ်။ အဲဒီအားနည်းချက်တွေကိုအခြေခံပြီး အကြောင်းအမျိုးမျိုးကြောင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်နေမှုဟာ ပုံမှန်အနေအထားက ပျက်ယွင်းလာတတ်ပါတယ်။ အုပ်ချုပ်ရေးယန္တရားကြီး ပုံမှန်လည်ပတ်နိုင်စွမ်း မရှိလောက်အောင် အခြေအနေမျိုး ပေါ်ပေါက်လာပြီဆိုရင် တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးတော့မယ့် အရိပ်လက္ခဏာပဲ ဖြစ်ပါတယ်။ ထိုအခြေအနေကို အချိန်မီထိန်းသိမ်းဖို့အတွက် နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေ ကြေညာပေးဖို့ လိုအပ်လာပါတယ်။ အရေးပေါ် အခြေအနေကြေညာတယ်ဆိုတာဟာ နိုင်ငံအတွက် အလွန်အရေးကြီးပြီး အထူးဂရုပြုအလေးထားဆောင်ရွက်ရတဲ့ ကိစ္စဖြစ်ပါတယ်။ အချိန်မီအရေးပေါ် အခြေအနေကြေညာသင့်ပါလျက် နောက်ကျသွားခဲ့ရင် နယ်မြေဒေသတစ်ခုကနေ အခြားနယ်မြေဒေသတစ်ခုသို့ ကူးစက်ပျံ့နှံ့သွားနိုင်ပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်တတ်ပါတယ်။ အလွယ်တကူဆုံးဖြတ်ပြီး အချိန်မသင့်ဘဲ ကြေညာမိပြန်ရင်လဲ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုများကို ပျက်ပြားစေနိုင်ပါတယ်။ အရေးပေါ်အခြေအနေ မကြေညာမီ နိုင်ငံတော်သမ္မတက မိမိတစ်ဦးတည်းရဲ့ သဘောနဲ့ဆုံးဖြတ်တာထက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်း ပြီးမှသာ ကြေညာသင့်ပါတယ်။ အဲဒီလို ကြိုတင်ညှိနှိုင်းပြီးမှ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ကို ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာခြင်းဟာ ပိုမိုထိရောက် အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုလျော့ရဲလာတာနဲ့အမျှ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာလဲ ပျက်ပြားလာမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်လာရင် နိုင်ငံတော်သမ္မတဟာ အဲဒီနယ်မြေဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ပုံမှန်အနေအထား ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်သမ္မတ တစ်ဦးတည်းက ဒီလုပ်ငန်းတွေကို နိုင်နင်းအောင် လုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှာမဟုတ်ပါ။ နိုင်ငံတော်သမ္မတရဲ့ ကိုယ်စားဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ နယ်မြေဒေသအလိုက် သင့်လျော်တဲ့ပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းလို့ဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အဲဒီလုပ်ပိုင်ခွင့်တွေကို အပ်နှင်းဆောင်ရွက်စေသင့်ပါတယ်။

# နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေကြေညာမှာဖြစ်



**တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် သုံးဦး စုပေါင်းတင်ပြသည့် စာတမ်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော် ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲရုံသာမက ဥပဒေပြုခွင့် အာဏာကိုပါ ရယူသုံးစွဲဖို့ လိုအပ်ကောင်း လိုအပ်လာနိုင်ပါတယ်။ ဥပဒေပြုခွင့်အာဏာဆိုရာမှာလည်း အုပ်ချုပ်ရေးလုပ်ငန်းများနဲ့သာ သက်ဆိုင်တဲ့ ဥပဒေပြုခွင့်အာဏာသာဖြစ်သင့်ပါတယ်။ ထိုဥပဒေပြုခွင့် အာဏာကိုလဲ နိုင်ငံတော်သမ္မတကိုယ်တိုင် ကိုင်တွယ်ကျင့်သုံးမှသာလျှင် သဘာဝကျဆီလျော်မှာ ဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိရုံသာမက အဲဒီဒေသမှာရှိတဲ့ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကိုပါ ထိပါးအန္တရာယ်ပြုနိုင်မယ့် အခြေအနေမျိုးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ နိုင်ငံတော်သမ္မတက ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့နဲ့ နယ်မြေဒေသအတွင်း တည်ငြိမ်မှုရှိစေရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီး၊ အရေးပေါ်အခြေအနေကို ကြေညာရမှာဖြစ်ပါတယ်။ အဲဒီလိုအရေးပေါ် အခြေအနေကြေညာနိုင်ဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းတဲ့အခါမှာ ကောင်စီဝင်များအားလုံး စုံစုံညီညီရှိရင်တော့ကောင်စီ၏ ဆုံးဖြတ်ချက်နဲ့အညီ အရေးပေါ်အခြေအနေကို အမြန်ဆုံး၊ အချိန်မီကြေညာနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ စုံညီစွာမတက်ရောက်နိုင်ပါက နိုင်ငံတော်သမ္မတအား အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး အရေးပေါ်အခြေအနေကို ကြေညာမည့်အစား မလွှဲမရှောင်နိုင်သော အကြောင်းကြောင့် ပျက်ကွက်သော အဖွဲ့ဝင်များမှလွဲ၍ ကျန်အဖွဲ့ဝင်များအားလုံးနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကြေညာခြင်းက ပိုမိုပြည့်စုံစေမှာ ဖြစ်ပါတယ်။ ယင်းဆောင်ရွက်ချက်ကိုလဲ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံး တင်ပြအတည်ပြုချက် ရယူစေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတရဲ့ကိုယ်စား အဖွဲ့အစည်းတစ်ရပ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ နယ်မြေဒေသ ပြန်လည်တည်ငြိမ်လာအောင်၊ အုပ်ချုပ်ရေးယန္တရားပြန်လည်လည်ပတ်နိုင်အောင် လွယ်လွယ်ကူကူဆောင်ရွက်လို့မရနိုင်တဲ့ အခြေအနေမျိုးမှာ နယ်မြေဒေသအလိုက်အုပ်ချုပ်ရေး၊ တရားစီရင်ရေးတာဝန်များကို ထမ်းဆောင်နေကြတဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ယင်းအဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းတွေ၊ ယင်းအဖွဲ့အစည်းဝင်တွေရဲ့ တာဝန်ထမ်းဆောင်နေမှုတွေကို လုံခြုံစိတ်ချစွာ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ကြဖို့အတွက် တပ်မတော်ရဲ့အကူအညီကို မလွှဲမသွေရယူဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်ရဲ့ကူညီစောင့်ရှောက်မှုနဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပေမယ့် လုပ်ငန်းဆောင်ရွက်မှုတွေဟာ ထိရောက်မှုမရှိ ဖြစ်နေမယ်ဆိုရင် ကျရောက်နေတဲ့ဘေးအန္တရာယ်တွေ လျော့ပါးသင့်သလောက် မလျော့ပါးဘူးဆိုရင် အဲဒီပေါ်ပေါက်နေတဲ့ ဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် စစ်အုပ်ချုပ်ရေး အမိန့်တစ်ရပ်ထုတ်ပြန်ဆောင်ရွက်သင့်ပါတယ်။ အဲဒီစစ်အုပ်ချုပ်ရေးအမိန့်ထဲမှာ စစ်အုပ်ချုပ်ရေးအာဏာပိုင်ရဲ့အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေ၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့တာဝန်တွေကို တစ်ပါတည်း သတ်မှတ်ပေးထားသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေ ကြေညာရာတွင်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်တဲ့အခါဖြစ်စေ မိမိအားအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်မှာပါတဲ့အတိုင်း ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ဖြင့် ထုတ်ပြန်ကြေညာသင့်ပါတယ်။ ဒီလိုအရေးပေါ်အခြေအနေကြေညာတဲ့ အမိန့်ထုတ်ပြန်ရာမှာ ကြေညာဖို့လိုအပ်တဲ့ နယ်မြေဒေသအတွက်သာ သတ်မှတ်ဖို့လိုအပ်သလို အရေးပေါ်အခြေအနေရဲ့အချိန်ကာလအတိုင်းအတာကိုလည်း တစ်ခါတည်း အတိအကျ သတ်မှတ်ဖော်ပြဖို့ လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတက နိုင်ငံမှာအရေးပေါ်အခြေအနေကြေညာလိုက်ပြီဆိုရင် အရေးပေါ်အခြေအနေကြေညာခြင်းခံရတဲ့၊ အကျုံးဝင်တဲ့ နယ်မြေဒေသမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ မူလက မိမိတို့ရရှိထားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့ အခွင့်အရေးအားလုံးကို အပြည့်အဝခံစားခွင့် ရရှိနိုင်ကြတော့မှာမဟုတ်ပါ။ ဒေသဆိုင်ရာ ငြိမ်ဝပ်ပိပြားရေးအတွက် နိုင်ငံသားများ ခံစားခွင့်ရှိနေတဲ့ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်ထားဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတအနေနဲ့ မိမိထုတ်ပြန်ခဲ့တဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူသင့်သလို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်ရင် ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပစေပြီး အဲဒီအစည်းအဝေးမှာ နိုင်ငံတော်သမ္မတက တင်ပြအတည်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။ ဒီလို အတည်ပြုချက်ရယူတာနဲ့စပ်လျဉ်းပြီး အတည်ပြုချက်ရယူရမယ့် အချိန်ကာလကိုလဲ သတ်မှတ်ထားဖို့ လိုအပ်ပါလိမ့်မယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အတွက် ချက်ချင်းအရေးယူဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရခြင်းဖြစ်ပါတယ်။ ထုတ်ပြန်လိုက်တဲ့ အမိန့်ကို သတ်မှတ်ကာလအပိုင်းအခြားအတွင်း အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြပြီး အတည်ပြုချက်ရယူစေသင့်ပါတယ်။ အဲဒီအမိန့်ကို လွှတ်တော်က အတည်ပြုလိုက်ရင် လွှတ်တော်ကပြုတဲ့ ဥပဒေကဲ့သို့ အကျိုးသက်ရောက်မှု ရှိလာမှာဖြစ်ပြီး လွှတ်တော်က အတည်မပြုခဲ့ရင် အတည်မပြုတဲ့နေ့ကစပြီး ဆက်လက်အာဏာတည်ခြင်းမှရပ်စဲရမှာဖြစ်ပါတယ်။ အရေးပေါ်အခြေအနေမှာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့် ထုတ်ပြန်နိုင်ခွင့်ဟာလဲ နိုင်ငံတော်သမ္မတကို စည်းကမ်းသတ်မှတ်ချက်များနဲ့ ပေးအပ်ထားခြင်းသာ ဖြစ်ပါတယ်။ ထုတ်ပြန်ကြေညာတဲ့နေ့မှ ရက်ပေါင်းမည်မျှအတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမယ်လို့ သတ်မှတ်ရန်လိုသလို အချိန်ဘယ်လောက်ကုန်ဆုံးရင် အာဏာတည်ခြင်းမှ ရပ်စဲကြောင်းကိုလဲ ပြဋ္ဌာန်းထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ နယ်မြေဒေသတစ်ခုခုမှာဖြစ်စေ၊ ဒေသအချို့မှာဖြစ်စေ၊ နိုင်ငံတော်တစ်ဝန်းမှာဖြစ်စေ၊ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုတွေနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးအောင် လုပ်ဆောင်တာမျိုးတွေ ကြုံတွေ့လာရတတ်ပါတယ်။ ဒီလို လုပ်ဆောင်မှုတွေကြောင့် တိုင်းပြည် ဖရိုဖရဲပြိုကွဲမယ့် ဘေးအန္တရာယ်မျိုး ကြုံလာရနိုင်သလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးရုံသာမက လွတ်လပ်ရေးပါ ဆုံးရှုံးသွားနိုင်တဲ့ အခြေအနေမျိုး ဖြစ်လာတတ်ပါတယ်။ အဲဒီလိုအခြေအနေမျိုး ပေါ်ပေါက်လာရင် နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကို အချိန်မီ ကြေညာနိုင်ဖို့ လိုပါတယ်။ အရေးပေါ် အခြေအနေကြေညာရာမှာလဲ နိုင်ငံတော် သမ္မတအနေနဲ့ တစ်ဦးတည်းရဲ့ သဘောနဲ့ လုပ်ဆောင်မှုပြုတာထက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေမှာ နိုင်ငံတော်သမ္မတကို အကြံဉာဏ်ပေး၊ အထောက်အကူဖြစ်စေဖို့ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်း သဘောတူညီချက်ရယူပြီးမှသာ ဆောင်ရွက်သင့်ပါတယ်။ အရေးပေါ်အခြေအနေကို ကြေညာရာမှာလဲ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်နဲ့ ထုတ်ပြန်ဖို့လိုအပ်မှာဖြစ်သလို အရေးပေါ် အခြေအနေအကျိုးသက်ရောက်တဲ့ နယ်မြေဒေသဟာ နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနဲ့ အချိန်ကာလ သတ်မှတ်ချက်တို့ကိုလဲ ထည့်သွင်းသတ်မှတ်ပေးဖို့ လိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်မှာဖြစ်ပျက်နေတဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမယ့် အခြေအနေကို ကာကွယ်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ထုတ်ပြန်ကြေညာပြီး အရေးပေါ် အခြေအနေကြေညာတဲ့ နေရာမှာ နိုင်ငံတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေဖို့ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်နိုင်ဖို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသင့်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲပြောင်း ဆောင်ရွက်စေတဲ့နေ့ကစပြီး မူလက ယင်းအာဏာတွေကို ခွဲဝေသုံးစွဲဆောင်ရွက်ကြတဲ့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ဝင်များရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေဟာ အလိုအလျောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ရောက်ရှိသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အာဏာကျင့်သုံးမှုနဲ့ စပ်လျဉ်းလို့ ရှုပ်ထွေးမှုမရှိစေဘဲ ပိုမိုရှင်းလင်းလွယ်ကူစေဖို့အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်တဲ့နေ့ကစပြီး အဆင့်ဆင့်သော အဖွဲ့အစည်းများအား တာဝန်မှ ရပ်စဲပြီးဖြစ်တယ်ဆိုတာကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်ထားသင့်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများကိုတော့ တာဝန်မှ ရပ်စဲခြင်းမပြုဘဲ ဆက်လက်၍ ရှိမြဲအတိုင်းရှိနေစေသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်တဲ့အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံတော်အတွက် လိုအပ်မယ့်ဥပဒေများကိုလဲ ပြဋ္ဌာန်းခွင့်ရှိလာမှာဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကလဲ လိုအပ်တဲ ဥပဒေတွေကို ပြဋ္ဌာန်းသွားမှာဖြစ်ပါတယ်။ ထိုနည်းတူစွာ သက်ဆိုင်ရာ လွှတ်တော်တွေကိုလဲ ဥပဒေများကို ပြဋ္ဌာန်းခွင့်ပြုထားမယ်ဆိုရင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်စရာရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို ကျင့်သုံးရန် လွှဲအပ်ပေးထားတဲ့ အချိန်ကာလ အတောအတွင်းမှာ လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းတွေကိုပဲ ရပ်ဆိုင်းထားစေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက ၎င်းအားလွှဲအပ်ထားတဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ သုံးရပ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ မိမိကိုယ်တိုင် ကျင့်သုံးခွင့်ရှိသလို မိမိကိုယ်စား ကျင့်သုံးဆောင်ရွက်နိုင်စေဖို့ ၎င်းအနေနဲ့ သင့်လျော်မယ်လို့ယူဆတဲ့အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်ဖို့လဲ အသေးစိတ်အခြေခံရမယ့်မူမှာ ထည့်သွင်းချမှတ်ပေးသင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာရုံနဲ့မလုံလောက်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်စေတဲ့နေရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှုမရှိရလေအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် နိုင်ငံသားတွေရဲ့မူလအခွင့်အရေးများကို အတိုင်းအတာတစ်ခုအထိ လိုအပ်ရင် လိုအပ်သလို ကန့်သတ်ခွင့်၊ ရပ်ဆိုင်းခွင့်များ ဆောင်ရွက်ရန်ကိုလဲ ခွင့်ပြုပေးထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေတဲ့ကိစ္စနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပချိန်ဖြစ်ရင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကျင်းပချိန်မဟုတ်ရင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးကို ခေါ်ယူ၍ဖြစ်စေ တင်ပြစေသင့်ပါတယ်။ ဒါ့အပြင် အချိန်ကာလထပ်မံတိုးမြှင့်ပေးရန်ရှိပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ တင်ပြစေသင့်ပါတယ်။ အဲဒီလိုတင်ပြရာမှာ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာတဲ့ကိစ္စမှာလို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရုံမျိုးနဲ့ မလုံလောက်နိုင်ပါ။ နိုင်ငံတော်အာဏာတစ်ရပ်လုံးကို လွှဲအပ်ဆောင်ရွက်စေတဲ့ကိစ္စဖြစ်တာကြောင့် သီးခြားအစီရင်ခံစာဖြင့် တင်ပြစေမှသာလျှင် လျော်ကန်သင့်မြတ်မှု ရှိပါလိမ့်မယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက မိမိကိုပေးအပ်ထားတဲ့ တာဝန်တွေကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင် မဆောင်ရွက်နိုင်ခဲ့ပါက နိုင်ငံတော်သမ္မတအနေဖြင့် သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်ခန့်တိုးမြှင့်ပေးပြီး ဆောင်ရွက်စေသင့်ပါတယ်။ ယင်းတိုးမြှင့် ပေးသည့်ကိစ္စနှင့်ပတ်သက်၍လည်း ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးကို ခေါ်ယူစေပြီး အစီရင်ခံစာတင်ပြစေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေပြီးတဲ့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ မိမိအားပေးအပ်ထားတဲ့ တာဝန်တွေကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးရင် အဲဒီလိုဆောင်ရွက်ပြီးစီးကြောင်းကို နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြစေသင့်ပါတယ်။ နိုင်ငံတော်သမ္မတ အနေနဲ့လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိရင် မိမိထုတ်ပြန်ခဲ့တဲ့ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့တဲ့အမိန့်ကို ပယ်ဖျက်ပစ်ဖို့ လိုလာမှာဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတအနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်တဲ့အမိန့်နဲ့ပတ်သက်ပြီး ပယ်ဖျက်ရမယ့်နေ့ကို အတိအကျ သတ်မှတ်ပေးထားသင့်ပါတယ်။ အဲဒီလို သတ်မှတ်ပေးထားမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုမျိုး နောင်တစ်ချိန်ချိန်မှာ မပေါ်ပေါက်နိုင်မှာ ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်တဲ့နေ့ကစပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများမှအပ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲထားပြီး ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိအားပေးအပ်ထားတဲ့တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာ တင်ပြလာတဲ့အခါ အာဏာပိုင်အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပေးရန် လိုအပ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာ လွှတ်တော်သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းမှပယ်ဖျက်ပြီး ယင်းတို့၏ မူလတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည် ဆောင်ရွက်စေသင့်ပါတယ်။ အကယ်၍ လွှတ်တော်သက်တမ်းများ ကုန်ဆုံးပြီးဖြစ်နေပါက သက်ဆိုင်ရာလွှတ်တော်များအနေဖြင့် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုလွှတ်တော် သက်တမ်းကုန်ဆုံးသွားသော်လည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အချုပ်အခြာအာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကိုင်တွယ်ကျင့်သုံးနေမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ကျင့်သုံးရာမှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အားကူညီဖို့နဲ့ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ အဖွဲ့အစည်းတစ်ရပ်လိုလာမှာ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို တာဝန်ပေးအပ်သင့်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့လဲ နိုင်ငံတော်အာဏာသုံးရပ်ကို ကျင့်သုံးတဲ့နေရာမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်မှာ ဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ပေးတဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများပါဝင်သလို ပြည်သူ့လွှတ်တော်က ရွေးချယ်တင်မြှောက်ပေးတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်က ရွေးချယ်တင်မြှောက်ထားတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့လဲ ပါဝင်နေကြပါတယ်။ သို့ဖြစ်၍ လွှတ်တော်သက်တမ်းများ ကုန်ဆုံးနေစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတအသစ်နဲ့ ဒုတိယသမ္မတအသစ်များ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်များ ရွေးချယ်တင်မြှောက်ပြီးသည်အထိ ယင်းတို့အား ဆက်လက်တည်ရှိနေစေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးသွားပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် သတ်မှတ်အချိန်ကာလကို ထပ်မံတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်ရန်အတွက်လည်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ထားသင့်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် တိုးမြှင့်အချိန်ကာလအတွင်း ၎င်းအားပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါက ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တင်ပြရမှာဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှလည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာဖို့အသေးစိတ်အခြေခံရမယ့် မူတစ်ရပ်အားလည်း ချမှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ထားတဲ့အမိန့်ကို ပယ်ဖျက်ပြီးတဲ့နောက် အဲဒီအမိန့်ကို ပယ်ဖျက်လိုက်တဲ့နေ့ကစပြီး သတ်မှတ်တဲ့ကာလအတွင်းမှာ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရမှာ ဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတအသစ်ကိုပါ ရွေးချယ်တင်မြှောက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအသစ်ကိုပါ ရွေးချယ်တင်မြှောက်ခြင်း မပြုရ သေးမီ ကြားကာလအတွင်းမှာ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုပဲ တာဝန်ပေးထားသင့်ပါတယ်။ နိုင်ငံတော်ရဲ့ ယန္တရားတွေဟာ စဉ်ဆက်မပြတ်လည်ပတ်နေမှသာ နိုင်ငံတော်ဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေမှာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာနဲ့၊ တရားစီရင်ရေးအာဏာများနဲ့ စပ်လျဉ်းလို့လည်း ဒီကြားကာလအတွက် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်တို့တွင် သင့်လျော်တဲ့ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေသင့်တယ်ဟု ထင်မြင်ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့အာဏာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကျင့်သုံးတဲ့အခါ နိုင်ငံတော်ယန္တရား ပုံမှန်လည်ပတ်နိုင်စေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာ အရည်အချင်းများနှင့် ညီညွတ်သော သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းကာ တာဝန်ပေးအပ်စေသင့်ပါတယ်။

ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းဖို့လိုလာပါတယ်။ ဒီလိုဖွဲ့စည်းနိုင်ဖို့ တစ်ခုတည်းသော နည်းလမ်းကအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် စီစဉ်ခြင်းပဲဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲကျင်းပဖို့အတွက် အချိန်ကာလသတ်မှတ်ရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်တဲ့ အမိန့်ကိုပယ်ဖျက်ပြီးတဲ့နေ့ကစပြီး (၆)လအတွင်းဖြစ်သင့်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ယန္တရား ပုံမှန်လည်ပတ်နိုင်စေရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းများကိုလဲ ရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

# အာဟာရ မျှတ ကျန်းမာမှု

ဒေါက်တာနိုက်တင်ဝေးလ်

ကျန်းမာသန်စွမ်းသော လုပ်သားကောင်းများပေါ်ထွက်၍ ကုန်ထုတ်စွမ်းအားမြင့်မားသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် အာဟာရပြည့်ဝစွာ စားသုံးရန်မှာ အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်၏။ လူသားတို့၏ ကျန်းမာသန်စွမ်းမှုသည် အာဟာရပြည့်ဝမှုပေါ်တွင် အားပြု ရပ်တည်ရပါသည်။ တစ်နည်းအားဖြင့် ကျန်းမာမှု၊ အာဟာရပြည့်ဝမှုသည် ကုန်ထုတ်စွမ်းအား၏ အဓိက အရင်းအနှီးတစ်ခုပင် ဖြစ်သည်။

အစားအစာနှင့် ပတ်သက်လျှင်(နေရာဒေသ၊ ရေမြေသဘာဝနှင့် မိရိုးဖလာဓလေ့ထုံးစံတို့ကိုလိုက်၍) လူတစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုချင်းသော်လည်းကောင်း ရွေးချယ်စားသောက်ပုံချင်း ကွဲပြားခြားနားလေ့ရှိကြသည်။ ဥပမာ–မြန်မာတို့သည် အများအားဖြင့် ထမင်းကို အဓိကထား စားသောက်ကြသည်။ မြန်မာနိုင်ငံထဲတွင်ပင် အထက်ပိုင်းဒေသတို့၌ ပဲအမျိုးမျိုးကို အစားများကြသကဲ့သို့ အောက်ပိုင်းဒေသတွင်မူ ငါးအမျိုးမျိုးကို ပို၍အစားများကြောင်း တွေ့ရှိရပေသည်။

**မြန်မာတိုင်းရင်းသားတို့၏ စားသောက်နေကျ အစားအစာပုံစံမှာ ထမင်းကို ဟင်း၊ ဟင်းချို၊ တို့စရာ၊ ငါးပိ၊ ငံပြာရည်တို့နှင့် စားလေ့ရှိကြသဖြင့် အစာအုပ်စုအလိုက်ကြည့်ပါက မျှတသည်ဟု ဆိုနိုင်ပါသည်။**

**အာဟာရမျှတသော အစာဆိုသည်မှာ လူတစ်ယောက်အတွက် လိုအပ်သော အာဟာရဓာတ်များ အမျိုးအမည်အားဖြင့် ပြည့်စုံပြီး ပမာဏအားဖြင့် လုံလောက်ရမည့်အပြင် နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော အစာကို ဆိုလိုပါသည်။ အဆိုပါ အစာသည် ထိုလူအတွက် လူမှုရေး၊ စီးပွားရေးအားဖြင့် လိုက်လျောညီထွေ ရှိရမည်ဖြစ်ပြီး လက်ခံနိုင်သော အစာဖြစ်သင့်သည်။**

လူတစ်ယောက်၏ အာဟာရလိုအပ်ချက်ဆိုသည်မှာ ၎င်း၏ အသက်၊ ကျား၊ မ၊ သွားလာလှုပ်ရှားမှု၊ ကျန်းမာရေးအနေအထား၊ ပတ်ဝန်းကျင်အခြေအနေတို့အပေါ် မူတည်ပြီး ကွဲပြားသွားပါသည်။ အသက်ငယ်သော သူတစ်ယောက်နှင့် အသက်ကြီးသောသူတစ်ယောက်၏ အာဟာရလိုအပ်ချက်ချင်းမတူညီပါ။ ကျန်းမာရေးအခြေအနေ ကောင်းမွန်သောသူတစ်ယောက်နှင့် ရောဂါရှိသော သူတစ်ယောက်၏ အာဟာရလိုအပ်ချက်ချင်း မတူညီပါ။ သာမန်အမျိုးသမီးတစ်ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးတို့၏ အာဟာရလိုအပ်ချက်များလည်း မတူညီကြပါ။ သို့ဖြစ်၍ မိသားစုအတွင်း တစ်ဦးချင်း၏ လိုအပ်ချက်ကို စုပေါင်း၍ စီစဉ်လိုက်သောအခါ မိသားစုအတွက် မျှတသောအစာကို ရရှိနိုင်မည်ဖြစ်ပါသည်။ သာမန်အားဖြင့် တစ်နေ့တာလိုအပ်သော အာဟာရဓာတ်များ ပြည့်စုံစွာရရှိနိုင်ရန် အစားအစာများကို အုပ်စုသုံးစုလုံးမှ ပါဝင်အောင် ရွေးချယ်ပေါင်းစပ် စားသုံးသင့်သည်။

အဓိကကျသော အစာအုပ်စုသုံးခုမှာ–

**(၁) အင်အားဖြစ်ပွားစေသော အစားအစာများ၊**

**(၂) ခန္ဓာကိုယ်ကြီးထွားစေသော အစားအစာများ၊**

**(၃) ရောဂါကာကွယ်စေသော အစားအစာများ**

ဟူ၍ဖြစ်သည်။

အင်အားဖြစ်ထွန်းစေသော အစာအုပ်စုတွင် ကစီဓာတ်ပါဝင်သော အစာနှင့် အဆီများဟူ၍ နှစ်မျိုးပါရှိသည်။ ဆန်၊ ဂျုံ၊ ပြောင်းဖူး၊ အာလူး၊ ကန်စွန်းဥ၊ သကြား၊ ထန်းလျက်၊ ပျားရည်စသည်တို့တွင် ကစီဓာတ်ပါရှိသည်။ ကစီဓာတ်ပါသော အစာများကို စားလိုက်သောအခါ အစာကြေချက်ပြီးလျှင် ဂလူးကို့စ် (glucose) ဓာတ်အဆင့်အထိ ပြောင်းလဲသွားသည်။ ခန္ဓာကိုယ်အတွင်းသို့ ၎င်းဂလူးကို့စ်ဓာတ်ကို စုပ်ယူပြီး လောင်စာအဖြစ် အသုံးပြုနိုင်ပါသည်။ ထိုသို့ လောင်စာအဆင့်သို့ ရောက်လျှင် ခန္ဓာကိုယ်အပူငွေ့ ထိန်းသိမ်းရာ၌ လည်းကောင်း၊ ခန္ဓာကိုယ် လှုပ်ရှားမှုအတွက် လည်းကောင်း၊ ခန္ဓာကိုယ်အတွင်း၌ အသွေးအသားသစ်များ တည်ဆောက်ရာ၌လည်းကောင်း သုံးစွဲသည်။ စားသုံးဆီ၊ နှမ်းဆီ၊ ဖွဲနုဆီ၊ အုန်းဆီတို့သည် အဆီဓာတ်ပါသော အစာများပင်ဖြစ်သည်။ အဆီဓာတ်ကိုလည်း ခန္ဓာကိုယ်တွင်း၌ လောင်စာအဖြစ် အသုံးပြု၍ အင်အားဖြစ်စေနိုင်ပါသည်။ အဆီဓာတ်သည် ကစီဓာတ်နှင့် နှိုင်းစာလျှင် အင်အားပိုများသည်။

ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုတွင် အသားဓာတ်များ အများဆုံးပါဝင်ပါသည်။ ရုပ်ခန္ဓာ၏ အသွေးအသား၊ အရိုးများ တည်ဆောက်ရာတွင် အသားဓာတ်သည် အရေးတကြီး လိုအပ်၏။ အသားဓာတ်ကို တိရစ္ဆာန်မှရရှိသော အသားဓာတ်၊ အသီးအနှံမှရသော အသားဓာတ်ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

**တိရစ္ဆာန်မှရသော အသားဓာတ်ကို အသား၊ ငါး၊ ပုစွန်၊ ကြက်ဥ၊ ဘဲဥ၊ နို့နှင့်နို့ထွက်ပစ္စည်းများမှ ရနိုင်ပါသည်။ အသီးအနှံများတွင် အသားဓာတ်များစွာ ပါဝင်သော အစားအစာများမှာ ပဲအမျိုးမျိုးနှင့် မြေပဲတို့ ဖြစ်သည်။ နေ့စဉ် အခြေခံစားသုံးလျက်ရှိသော ဆန်နှင့်ဂျုံတွင်လည်း အသားဓာတ်များပါဝင်သည်။ ဆန်တွင် အသားဓာတ်ခြောက်ရာခိုင်နှုန်းနှင့် ဂျုံတွင်ဆယ်ရာခိုင်နှုန်းအထိ ပါဝင်သည်။ ထို့ကြောင့် ထမင်းနှင့်ပဲဟင်း စားလျှင် အမဲသားနီးပါးခန့်ပင် အာဟာရတန်ဖိုး ကောင်းနိုင်ပါသည်။**

ကလေးများနှင့်ကြီးထွားဆဲလူငယ်များတွင် အသွေးသစ်၊ အသားသစ်များ တည်ဆောက်နေရသောကြောင့် အသားဓာတ်ကို သာမန်လူကြီးများထက် ပိုမိုလိုအပ်သည်။ လူကြီးများမှာမူ နေ့စဉ် အသားပျက်စီးပြုန်းတီးမှုအတွက်လောက်သာ အသားဓာတ်လိုအပ်သဖြင့် အသားဓာတ်လိုအပ်ချက် နည်းကြောင်းတွေ့ရ၏။ အကယ်၍ နေ့စဉ်စားသုံးနေသော အစားအစာများတွင် အင်အားအတွက် ကစီဓာတ်နှင့် အဆီဓာတ်များ လုံလောက်စွာမပါလျှင် ခန္ဓာကိုယ်က အသားဓာတ်များကို လောင်စာအဖြစ် အသုံးပြုရတော့သဖြင့် ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပိန်ချုံးလာတတ်သည်။

ရောဂါကာကွယ်စေသော အစာအုပ်စုတွင် ပါဝင်သောအစာများမှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် သစ်သီးဝလံများဖြစ်သည်။ ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်သတ္တုဓာတ်များကို ဟင်းသီးဟင်းရွက်၊ အသီးအနှံများမှ ရနိုင်ပါသည်။

ဗီတာမင်ဓာတ်များသည် ခန္ဓာကိုယ်အတွင်းမှ ဇီဝကမ္မလုပ်ငန်းများအတွက် ထိန်းသိမ်းပြုပြင်ပေးသည်။ ဗီတာမင်ဓာတ်များ ချို့တဲ့ပါက ရောဂါဘယများ လွယ်ကူစွာ ကပ်ငြိနိုင်ပါသည်။ ကိုယ်ခန္ဓာအရေပြားများ တည်ဆောက်ရန် ဗီတာမင်အေဓာတ် လိုအပ်သည်။ ယင်းဓာတ်ချို့တဲ့ပါက အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သော ရောဂါများ ဖြစ်တတ်ပါသည်။ သတ္တုဓာတ်များအနက် သံဓာတ်သည် သွေးနီဥ ဖြစ်ပေါ်ရေးအတွက် လိုအပ်၍ အထူးအရေးကြီးလေသည်။ ထုံးဓာတ်သည် အရိုးနှင့် သွားများ တည်ဆောက်ရေးအတွက် လိုအပ်သည်။

ဟင်းသီးဟင်းရွက်များကို စိမ်းလန်းသောဟင်းရွက်များ၊ အခြားဟင်းရွက်ဟင်းသီးများ၊ သစ်သီးများဟူ၍ အုပ်စုသုံးစု ခွဲထားနိုင်ပါသည်။

ကန်စွန်းရွက်၊ ဒန့်သလွန်ရွက်၊ ဟင်းနုနယ်ရွက်၊ မြင်းခွာရွက်၊ ဆလတ်ရွက် စသည့် စိမ်းလန်းသော ဟင်းရွက်များတွင် မျက်စိအားကောင်းစေသော ဗီတာမင်အေဓာတ်၊ သွေးအားကောင်းစေသော သံဓာတ်၊ သွားဖုံးနှင့် အရေပြားကောင်းစေသော ဗီတာမင် စီဓာတ်တို့ ရနိုင်ပါသည်။

အခြားဟင်းသီးဟင်းရွက်များဖြစ်သည့် ခရမ်းချဉ်သီး၊ ဒန့်သလွန်သီး၊ ရုံးပတီသီး၊ ခဝဲသီးတို့သည် အရသာစုံလင်စေ၍ ထမင်းမြိန်စေသည့်အပြင် ဗီတာမင်ဓာတ်များလည်း ပြည့်ဝလေသည်။

သစ်သီးများသည် မချက်မပြုတ်ဘဲ စားနိုင်သဖြင့် ပျက်စီးလွယ်သော ဗီတာမင်ဓာတ်များ ပိုမိုပြည့်ဝစွာ ရရှိနိုင်ပါသည်။

ဟင်းသီးဟင်းရွက်များတွင် အမျှင်ပါသောကြောင့် ဝမ်းဖောဖောသွားစေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည်။ ဝမ်းမှန်စေ၏။ သို့ဖြစ်၍ အူတွင်းရောဂါဖြစ်ပွားမှုများကို ကာကွယ်ပေးလေသည်။

အစာအုပ်စုကြီး သုံးစုစလုံးသည် လူ၏ခန္ဓာကိုယ်အတွက် တစ်မျိုးစီအသုံးဝင်၍ နေ့စဉ်စားသုံးရာတွင် အုပ်စုသုံးစုစလုံးမှ အစာများပါဝင်သင့်သည်။ ပါဝင်သင့်သော အချိုးအစားများမှာမူ တစ်စုနှင့်တစ်စု တူညီနိုင်မည် မဟုတ်ပေ။

သဘာဝအားဖြင့် ကစီဓာတ်ကို ကြေချက်ရာ၌ လိုအပ်သော ဗီတာမင်ဓာတ်များသည် ကစီဓာတ်နှင့်အတူ တွဲပါလေ့ရှိ၏။ ဥပမာ– ဆန်လုံး၏ ပြင်ပဖွဲနုလွှာတွင် ဗီတာမင်ဘီဓာတ်များ ပါဝင်သည်။ သို့ရာတွင် ဆန်ဖြူအောင် ကြိတ်ခြင်း၊ ဆန်ကိုပွတ်တိုက်ဆေးကြောခြင်း၊ ထမင်းရည်ငှဲ့ချက်ခြင်းတို့ကြောင့် ဗီတာမင်ဓာတ်များ ဆုံးရှုံး၍ ထုံနာ၊ ကျဉ်နာများ ဖြစ်တတ်သည်။

အမျိုးသမီးများအဖို့ လစဉ်ဓမ္မတာသွေးဆင်းမှုကြောင့်လည်းကောင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းတို့ကြောင့်လည်းကောင်း သံဓာတ်ဆုံးရှုံးမှုများပါသည်။ တစ်ဖန် နေ့စဉ်စားသော အစာများတွင် သံဓာတ်ပါသော အစာနည်း၍သော်လည်းကောင်း၊ အကယ်၍ ပါဝင်သောသံဓာတ်များမှာလည်း အသီးအနှံမှရသော သံဓာတ်ဖြစ်၍ သွေးကြောများထဲသို့ စိမ့်ဝင်စုပ်ယူမှုနည်း၍သော်လည်းကောင်း သံဓာတ်ချို့တဲ့ အားနည်းရောဂါ အဖြစ်များတတ်သည်။ သံဓာတ်များ အပြည့်အဝ စိမ့်ဝင်စုပ်ယူနိုင်ရန် ဗီတာမင်စီနှင့် အသားဓာတ်များ လိုအပ်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ထမင်းတစ်နပ်တွင် အသား၊ ငါး၊ ဟင်းရွက်များအား တစ်ချိန်တည်း စားပါက သံဓာတ်စိမ့်ဝင် စုပ်ယူမှု ပိုမိုများနိုင်ပါသည်။

နေ့စဉ်စားသုံးသော အစာတွင် အစားအစာအုပ်စုများ စုံစုံလင်လင် စားခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရများ ပြည့်ဝစွာ ရရှိနိုင်သောကြောင့် ကျန်းမာရေးနှင့်ပြည့်စုံစေနိုင်ပါသည်။

**"အာဟာရပြည့်ဝမှ ကျန်းမာမယ်၊ အသိဉာဏ်ကြွယ်ဝမယ်၊ လုပ်အားစွမ်းအင်ပိုထွက်မယ်၊ နောက်ဆုံး နိုင်ငံတော်အတွက် အခြေတည်တယ်"** ဟူသော စကားစုကို ပြည်သူလူထုအားလုံး သဘောပေါက်ထားသင့်ပါသည်။ ကျန်းမာရေးဝန်ထမ်းများမှာလည်း လူနာများအား ဆေးကုသပေးရုံနှင့် မပြည့်စုံနိုင်ပါ။ ရောဂါဝေဒနာများဘေးမှ ကာကွယ်ပေးဖို့ လိုအပ်ပါသည်။ ထို့အတွက် ပြည်သူများကို ကျန်းမာရေး အသိပညာပေးရန် တာဝန်ရှိပါသည်။ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာ ဗဟုသုတ ပြည့်ဝနေရုံဖြင့် မလုံလောက်သေးပါ။ ကျန်းမာရေးအသိ တရားဖြင့် အမြဲသတိထား၍ မိမိကိုယ်တိုင်ရော၊ မိမိပတ်ဝန်းကျင်ကိုပါ ကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရန် အစဉ်စောင့်ရှောက်ပေးကြရမည် ဖြစ်ပါသည်။ ။

## ရန်ကုန်စက်မှုတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂

ဆရာကြီး ဦးမောင်မောင်သန်းအား အမှူးထား၍ ရန်ကုန်စက်မှုတက္ကသိုလ် Textile အင်ဂျင်နီယာဌာနမှ (အငြိမ်းစား)ဆရာ၊ ဆရာမကြီးများအား ဒီဇင်ဘာ ၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် Western Park Royal ကန်တော်ကြီး ဗဟန်း(၃)လမ်း၊ ကန်ဝင်းအတွင်း မဟာမြိုင်ကျွန်းတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်လိုပါက ဒေါ်အေးအေးစိုး ဖုန်း– ၀၁–၆၄၂၄၀၆ ချည်ထည်ဌာန၊ ဦးကျော်လွင် ဖုန်း–၀၉–၅၁၃၇၉၅၄၊ ဦးဝင်းထွန်း ဖုန်း–၀၁–၅၅၉၂၉၇၊ ဦးခင်မောင်ထွန်း ဖုန်း–၀၁ ၅၉၀၆၈၂၊ ဗိုလ်ကြီးဇော်ထက် ဖုန်း–၀၁ ၆၅၁၇၉၂၊ ဦးသန့်ဇော်ဦး ဖုန်း–၀၉ ၅၁–၃၃၁၅၆၊ ဗိုလ်မှူးတင်လှိုင် ဖုန်း–၀၉ ၅၀၀–၂၆၃၆ နှင့် ဦးသီဟလတ် ဖုန်း–၀၉ ၅၀၀၄၁၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံအသင်းဝင်များ၊ အသင်းဝင်နှင့် အသင်းဝင်သားသမီးများမှ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် အမှတ်စာရင်း အထောက်အထား အပြည့်အစုံဖော်ပြ၍ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမြတ်စိုး ဖုန်း–၂၂၄၇၄၀၊ ဦးစိန်မင်း ဖုန်း–၃၇၁၆၇၂၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း–၅၂၇၁၈၂၊ အမှုဆောင်များဖြစ်သည့် ဒေါ်ခင်ခင်ရီ ဖုန်း–၅၁၀၆၂၄၊ ဦးစိန်မြင့် ဖုန်း–၅၆၅၅၇၀၊ ဦးထိုက်စီ ဖုန်း၀၉–၅၀၀–၀၈၆၂၊ ဦးမြင့်သိန်း(ပင်ချစ်သူ) ဖုန်း–၃၈၅၀၇၈ နှင့် နီးစပ်ရာအမှုဆောင်များထံ ဒီဇင်ဘာ၂၀ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို နိုဝင်ဘာ ၂၅ရက်က ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အမှိုက်များနှင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၄၀၀)

## အထက(၁)အင်းစိန် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂

အထက(၁) (တန်းမြင့်ကျောင်း) အင်းစိန်၌ ပညာသင်ကြားပေးခဲ့သော သက်ပြည့်အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁) အင်းစိန် ဧရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲနှင့် ပတ်သက်၍ ဆက်သွယ်စုံစမ်း လှူဒါန်းလိုပါက ဦးဘငွေ ဖုန်း–၆၄၀၀၉၄၊ ဦးသိန်းထွန်း ဖုန်း–၃၈၈၈၃၅၊ ဦးတင့်စိန်ဖူး ဖုန်း–၆၄၃၉၇၄၊ ဦးစောပြည့်သိမ်း ဖုန်း–၆၄၃၇၆၃ နှင့် ဦးတင့်လွင် ဖုန်း–၀၉ ၅၀၀၃၄၁၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**စာမျက်နှာ ၉ မှ**

ဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ ၎င်းတို့ရဲ့လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်စေသင့်ပါတယ်။ နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုဦးဆောင်ပြီး နိုင်ငံတော်ရဲ့ အာဏာများကို ယာယီကျင့်သုံးနေမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲဟာ နိုင်ငံတော်သမ္မတဖြစ်တဲ့အားလျော်စွာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ကျင့်သုံးတဲ့အခါမှာ နိုင်ငံတော်သမ္မတကိုယ်စားကျင့်သုံးနေတာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်မှာအရေးပေါ်ကြေညာထားတဲ့ကာလ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ယာယီကျင့်သုံးနေတဲ့ကာလနဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီက ယာယီကျင့်သုံးနေတဲ့ ကာလများမှာ နိုင်ငံတော်သမ္မတရဲ့ကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ တာဝန်ပေးချက်အရဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီရဲ့ တာဝန်ပေးချက်အရဖြစ်စေ နိုင်ငံ့တာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခဲ့ကြတဲ့ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းဝင်တွေနဲ့ စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းတွေအဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များကို တရားဝင်အတည်ဖြစ်စေသင့်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ကို အရေးပေါ် အခြေအနေကြေညာထားတဲ့ ကာလအတွင်း အထက်ပါ အဖွဲ့အစည်းအသီးသီးရဲ့ တရားဝင်ဆောင်ရွက်ချက်များဟာလည်း အတည်ဖြစ်ကြောင်းကို အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါကြောင့် “ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ” အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်သမ္မတက အရေးပေါ်ကြေညာခြင်းနဲ့ စပ်လျဉ်းပြီးအကြံပြုတင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံတော်သမ္မတဟာ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်ခုတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန်လုံလောက်သောအကြောင်းရှိကြောင်း သိရှိလျှင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းပြီးဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေကြေညာမှာ ဖြစ်ပါတယ်။

ထိုသို့အရေးပေါ် အခြေအနေကြေညာဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် ကောင်စီအဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအပါအဝင် အဖွဲ့ဝင်လေးဦးနဲ့သာ ညှိနှိုင်းတိုင်ပင်မည့်အစား အကြောင်းအမျိုးမျိုးကြောင့် ရှောင်လွှဲ၍မရလို့ ပျက်ကွက်ရတဲ့ အဖွဲ့ဝင်များမှလွဲပြီး ကျန်အဖွဲ့ဝင်များကို စုံနိုင်သမျှစုံအောင် တက်ရောက်စေပြီး ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးမှ ကြေညာမယ်ဆိုပါက ပိုမို၍ထိရောက်ပြည့်စုံနိုင်မယ်လို့ ထင်မြင်ယူဆပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့စပ်လျဉ်းတဲ့ အပိုဒ်(၃)၊ အပိုဒ်ခွဲ(ခ)ကို-

“အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ရသော အဖွဲ့ဝင်များမှလွဲ၍ ကျန်ရှိနေသေးသော အဖွဲ့ဝင်များနှင့်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံး တင်ပြအတည်ပြုချက်ရယူရမည်”လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်၊ ပြောင်းလဲသတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါ ပါလီမန်အရင်းရှင်ခေတ်ကာလတုန်းက ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး အဓိပ္ပာယ်ဖွင့်ဆိုပြီး မိမိတို့ အဖွဲ့အစည်းအတွက် အလွဲသုံးစားပြုခဲ့တာကြောင့် ဥပဒေဟာအသက်မရှိတော့တဲ့အပြင် နိုင်ငံတော်ရဲ့ စည်းလုံးညီညွတ်ရေးကိုပါ ထိခိုက်စေခဲ့တာအားလုံးအသိပင် ဖြစ်ပါတယ်။ တစ်ခါ တစ်ပါတီစနစ်ကို ပြောင်းလဲကျင့်သုံးပြန်တော့လဲ ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေကို တဖြည်းဖြည်း ပစ်ပယ်ခဲ့ကြပြန်ပါတယ်။ အဲဒီသမိုင်းကာလအတွင်းမှာ ပြည်သူပြည်သားတွေဟာ ဥပဒေပါအချက်အလက်များကို ထိထိရောက်ရောက် အားကိုးအားထား မပြုနိုင်တဲ့အတွက် ဥပဒေဆိုင်ရာ အခွင့်အရေးတွေ ဆုံးရှုံးပြီး ဘယ်လောက်အထိ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများနဲ့ ရင်ဆိုင်ကြုံတွေ့ ခံစားခဲ့ကြရတာကိုလဲ မေ့ပျောက်နိုင်ကြဦးမှာ မဟုတ်ပါ။ အခြေခံဥပဒေကို လိုက်နာကျင့်သုံးတဲ့နေရာမှာ သဘောတရားနဲ့ လက်တွေ့ကို ဟန်ချက်ညီညီဆောင်ရွက်တတ်ကြဖို့လဲ အရေးကြီးလှပါတယ်။ သဘောတရားကမှန်ကန်ပြီး လက်တွေ့လုပ်ကိုင် ဆောင်ရွက်တဲ့နေရာမှာ အံချော်နေရင် အလွဲလွဲ၊ အမှားမှား ဖြစ်လာမှာသေချာပါတယ်။ အောင်မြင်မှုဆိုတာနဲ့လဲ အလှမ်းကွာဝေးသွားနိုင်ပါတယ်။ ဒါကြောင့် သဘောတရားနှင့် လက်တွေ့ကို အံဝင်ခွင်ကျဖြစ်အောင် အထူးဂရုစိုက်ကြရပါမယ်။

ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် နောင်အနာဂတ်ကာလမှာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို-

- မိမိ ကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊
- မိမိပါတီအဖွဲ့အစည်း၊ အစုအဖွဲ့၊ လူတန်းစား၊ လူမျိုးအတွက် အလွဲသုံးစားပြုခြင်း၊
- တတ်သိလိမ္မာသူက ရိုးသားသူအား ဥပဒေကို အလွဲသုံးစားပြု၍ အနိုင်ယူခြင်း၊
- ဥပဒေပါ အချက်အလက်များကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆို၍ လိုအပ်သလို အလွဲသုံးစားပြုခြင်း၊
- ဥပဒေကို အကြောင်းအမျိုးမျိုးဖြင့် မလေးမစားပြုခြင်း၊
- ဥပဒေအကျိုးသက်ရောက်မှု အင်အားချည့်နဲ့အောင် အကြောင်းအမျိုးမျိုးဖြင့် ပြုမူဆောင်ရွက်ခြင်း၊

စသည်များ မပေါ်ပေါက်စေရန်အတွက်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များ အသက်ရှင်၍ တန်ခိုးထက်မြက်မှု အစဉ်ရှိနေစေရန်အတွက်လည်းကောင်း အခြေခံဥပဒေအား ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းချက်ဖြင့် စနစ်တကျ ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်းအကြံပြုတင်ပြရင်း ကျွန်တော်တို့ သုံးဦးရဲ့ အကြံပြုစာတမ်းကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## ပဋ္ဌိပဒါ သဒ္ဓမ္မရံသီရိပ်သာ သိမ်၊ဓမ္မာရုံနှင့်ဓာတ်လှေကား ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် ဒီဇင်ဘာ ၂

သဒ္ဓမ္မရံသီရိပ်သာများ၏ ပဓာနနာယက ဆရာတော်ကြီး မဟာစည် ဦးသျှောင် ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသအား အလှူရှင်ကျောင်းအမကြီး ဒေါ်မြင့်ကြည်(ခ)ဒေါ်စုစုက မတည်ထူထောင် လှူဒါန်းခဲ့သော ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းသုခ ပဋ္ဌိပဒါ သဒ္ဓမ္မရံသီရိပ်သာအတွင်း၌ ဆောက်လုပ်ပြီးစီးသွားသည့် သိမ်၊ ဓမ္မာရုံတော်နှင့်ဓာတ်လှေကားလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအလှူတော်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင်ကျင်းပမည်ဖြစ်၍ အလှူရှင်များ တက်ရောက်နိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး

## စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအဖြစ် အောက်ဖော်ပြပါလုပ်ငန်းကြီး(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းများကပ်လှူခြင်း၊
(၂) မုခ်ဦးနှင့် မဟာရံတံတိုင်းတို့ကို ဆေးသုတ်မွမ်းမံခြင်း၊
(၃) ရင်ပြင်တော်လျှောက်လမ်းကို နေပူခံကျောက်ပြားများခင်းခြင်း၊
(၄) သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံဆေးသုတ်ခြင်း၊
(၅) လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

အဆိုပါလုပ်ငန်းကြီး (၅)ရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

- ဦးခင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၁-၅၃၅၅၅၃၊ ၅၃၅၈၀၀
- ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း ၀၁-၅၃၇၉၄၉၊ ၅၃၅၉၇၃
- ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁-၂၉၀၄၂၅

**ရွှေဘုန်းပွင့်စေတီတော်**
**ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဗဟိုကော်မတီ။**





**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် ကဗျာရွတ်ဆို ပြိုင်ပွဲကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။**
(သတင်းစဉ်)

## ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေနှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။**

**ယှဉ်ပြိုင်**

ရှေးဦးစွာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်အထိမ်းအမှတ်ကဗျာများ ရွတ်ဆို၍ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ အခြေခံပညာ အထက်တန်းအဆင့် ဆုရ ကျောင်းများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ အလယ်တန်းအဆင့် ဆုရ ကျောင်းများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်ကလည်းကောင်း၊ မူလတန်းအဆင့် ဆုရ ကျောင်းများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက လည်းကောင်း ဆုများ အသီးသီးချီးမြှင့်ကြသည်။

**ဖျော်ဖြေ**

ယင်းနောက် ဆုရကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက တက်ရောက်လာကြသူများအား ကဗျာရွတ်ဆို၍ ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ကျရောက်သော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ (World AIDS Day) အထိမ်းအမှတ် ပြခန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်၌ ကျင်းပရာ အထိမ်းအမှတ်ပြခန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်လှနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ အဖွဲ့ခေါင်းဆောင် Ms. Bridget Gardner တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ဆောင်ရွက်ခဲ့**

အလားတူ ယမန်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်တိုင်းအတွင်းရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေရာအနှံ့အပြားတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသော အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဒီဇင်ဘာ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၃၀ရက်တွင် ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ အကြံပြုချက်စာတမ်းများနှင့် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁ရက်နေ့တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ **(သတင်းစဉ်)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက် မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်း ဆောက်ကြီးဆောက်လုပ်ရန်အတွက် အမှတ် ၂၄ အိမ်ကြီးလမ်း ပုဇွန်တောင် မြို့နယ် ရေကျော် ရန်ကုန်မြို့နေ ဒေါ်တင်တင်ဝင်းနှင့် မိသားစု၏ လှူဒါန်းငွေကျပ်နှစ်သိန်းကို အမှတ် ၄၂ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ (အလှူငွေ လက်ခံဌာန) ဦးမျိုးသန့်၏နေအိမ်၌လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဆရာတော်အရှင် ဂန္ဓသာရ(စာချနာယက) မဟာသိမ်တော်ကြီး၏ရှေ့မှောက်၌ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေ လက်ခံယူစဉ်။ (က-ပ)

## သီတဂူ အထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂

ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းအတွင်း ဓမ္မသဘင်တွင် ရွှေပြည်ဟိန်း သီတဂူကြာတစ်ပွင့် ပိဋကတစ်ပုံခွဲအောင် ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသီရိလင်္ကာရ ဆရာတော်က ဒီဇင်ဘာ ၁၀ရက်(တနင်္ဂနွေ နေ့)ည ၇နာရီတွင်လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိအဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဒီဇင်ဘာ ၁၁ရက်(တနင်္လာနေ့) ည ၇နာရီ၌လည်းကောင်း တရားအလှူ ပေးလှူမည်ဖြစ်ရာ တရား အလှူခံကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

## သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သန်လျင်ခဲမဖြူသန့်စင်စက်ရုံစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် နေပြည်တော်မှ ရန်ကုန်မြို့သို့ ယနေ့မွန်းလွဲ ၁နာရီတွင် ရောက်ရှိပြီး သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းတို့လိုက်ပါလျက် သန်လျင် ခဲမဖြူသန့်စင်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေး၍ စက်ရုံပတ်ဝန်းကျင် သာယာလှပရေးအတွက် အရိပ်ရပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် သီးပင်စားပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယင်းနောက် သာကေတမြို့နယ်ရှိ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သုတေသနဌာနခွဲ ဓာတ်ဆားမှုန့်စက်ရုံနှင့် ဆားကြိတ်စက်ရုံသို့ ညနေ ၃နာရီတွင် ရောက်ရှိလာကာ အိုင်အိုဒင်းဆားနှင့်ဓာတ်ဆားမှုန့် ထုတ်လုပ်မှုလုပ်ငန်းများ၊ စက်ရုံဝင်းအတွင်း စိုက်ပျိုးထားသော မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



■ *ကျောဖုံးမှ*

ထို့နောက် တိုင်းမှူးက ရောဂါဖြစ်ပွားစေသည့် ခြင်ကျား ခိုအောင်းပေါက်ပွားခြင်းမရှိစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်ကြရန်၊ လိုအပ်သည့် ခြင်ဆေးရရှိအောင် သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်ကြရန်နှင့် ရောဂါလုံးဝ ပပျောက်သည်အထိ ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း တစ်လျှောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် ရေနုတ်မြောင်းများ ဆယ်ယူ ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အမှတ် ၉၄ လမ်းထိပ်ရှိ ဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ပညာပေးဟောပြောနေမှုကို လည်းကောင်း၊ ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း/အပြင်၌ မြက်၊ အမှိုက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း နေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

## ပါဠိကာရီဆရာတော် မွေးနေ့အကြိုတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂

သာကေတမြို့နယ် စက်မှုလက်မှု ရပ်ကွက် ပါဠိကာရီပရိယတ္တိစာသင်တိုက်နှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ပါဠိကာရီချမ်းမြေ့နန္ဒာ ပရိယတ္တိစာသင်တိုက် နှစ်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တ အင်္ဂိသ ပါဠိကာရီဆရာတော်၏(၆၆)နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် ကြည်-ခင် ရတနာတိုက်ကျောင်း ရေစက်ချ (အကြို)ဓမ္မသဘင်ပွဲတွင် ဒီဇင်ဘာ၆ ရက်၌ အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်း) ဆရာတော်၊ ၇ရက်တွင် အရှင်အာစာရလင်္ကာရ(ကိုးဘွဲ့ရစစ်ကိုင်း) ဆရာတော်၊ ၈ရက်၌ ဒေါက်တာအရှင်ဉာဏိဿရ (သပိတ်အိုင်)ဆရာတော်၊ ၉ရက်တွင် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၁၀ ရက်၌ အရှင်ဣန္ဒက (တွံတေးဆရာတော်)၊ ၁၁ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ ဆရာတော်)၊ ၁၂ရက်၌ ဒေါက်တာ အရှင်ကောဝိဒ (မဇ္ဈိမ ဂုဏ်ရည်)ဆရာတော်၊ ဒီဇင်ဘာ၁၃ရက်တွင် အရှင်ဩဘာသာဘိဝံသ (ရွှေမြိုင်ဆရာတော်) တို့က ညစဉ် ၇နာရီမှစ၍ ပါဠိကာရီပရိယတ္တိစာသင်တိုက် စက်မှုဇုန်ရပ်ကွက် မြခွာညိုလမ်း သာကေတမြို့နယ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟုသိရသည်။ **(က-ပ)**

**မီးဘေးရှောင် မလောင်ခင်တား**

## အကြမ်းဖက်သောင်းကျန်းသူအက်စ်အက်စ်အေ(ရှက်ဆစ်)အဖွဲ့က အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှု မိုင်းကိုင်မြို့နယ်၌ဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂

အကြမ်းဖက်သောင်းကျန်းသူအက်စ်အက်စ်အေ (ရှက်ဆစ်)အဖွဲ့သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အေးချမ်းစွာ နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများအပေါ် လက်နက်အားကိုးအနိုင်ကျင့်ဗိုလ်ကျ၍ အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ စံဖ ခေါင်းဆောင်သော အက်စ်အက်စ်အေ (ရှက်ဆစ်) အဖွဲ့မှ အကြမ်းဖက် သောင်းကျန်းသူ အင်အား ၁၀ဦးခန့်တို့သည် နိုဝင်ဘာ၁၉ရက်နှင့် ၂၀ရက်တို့တွင် မိုင်းကိုင်မြို့နယ် မုန်းဟန်းကျေးရွာမှ ဦးအိုက်လှ၏သား အိုက်ဆွေ(၂၈)နှစ်၊ ယန်းလွယ်ကျေးရွာမှ ဦးစိုင်းလုံ၏သား ပေတိ(၂၉)နှစ်နှင့် ဦးစိုင်းခေး၏ သား အိုက်ပန်း(၃၁)နှစ်၊ ဝမ်ကပ်ကျေးရွာမှ အိုက်ပါ(၃၆)နှစ်နှင့် ကုန်းဆမ်ကျေးရွာမှ ဦးလုံးပူ၏ သား ခင်မောင် (၃၈)နှစ်တို့အား တောတွင်းသို့ ဖမ်းဆီး ခေါ်ဆောင်သွားကြပြီး လက်နက်ငယ်များဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်ကို သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းက အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ ထက်ကြပ်မကွာ လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာဆင်နယ်အိမ်ကွင်း၌ နိုင်ပွဲပြန်စ လီဗာပူးပထမဆုံးအဝေးကွင်းနိုင်ပွဲရ

သတင်းမြင်ကွင်း - မြင့်စိုး

လန်ဒန် ဒီဇင်ဘာ ၂

ပရီမီယာလိဂ် ပွဲစဉ်(၁၆) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ၂ရက်ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့သော အာဆင်နယ်တို့ အိမ်ကွင်း၌ တော့တင်ဟမ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပြိုင်ပွဲတွင် အာဆင်နယ် တိုက်စစ်မှူး အွန်နရီသည် လည်ပင်း၌ ဒဏ်ရာရထား၍ ပါဝင်ကစားနိုင်ခြင်းမရှိဘဲ ပွဲကြည့်ပရိသတ်တစ်ဦးအဖြစ်သာ စောင့်ကြည့်ခဲ့ရသည်။

**လွဲဖွယ်ရှိ**

အာဆင်နယ်အသင်းတွင် အွန်နရီ ပါဝင်ကစားနိုင်ခြင်း မရှိသော်လည်း ဂီလ်ဘာတိုက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ဦးဆောင်ကစားခဲ့သည်။ အွန်နရီသည် ဒီဇင်ဘာ ၁၀ရက်တွင် ချယ်လ်ဆီးနှင့် ကစားမည့်ပွဲ၌လည်း ယင်းဒဏ်ရာကြောင့် လွဲဖွယ်ရှိကြောင်း အာဆင်နယ်ကလပ်က ပြောကြားသည်။

အာဆင်နယ်အသင်းသည် လွန်ခဲ့သောနှစ်ပွဲတွင် ရှုံးပွဲကြုံထား၍ အိမ်ကွင်း၌ အနိုင်ကစားရန် ဆုံးဖြတ်ချက်ချထားပုံရသည်။ ပွဲစသည်နှင့် ယွန်းဘတ်နှင့် ဖာဘရီဂတ်စ်တို့၏ ကွင်းလယ်ဖန်တီးမှု၊ ရိုဆစ်စကီး၏ ဂိုးပေါက်ဖန်တီးမှု၊ အဒီဘာယော၊ ဗန်ပါစီတို့၏ တိုက်စစ်ကစားကွက်တို့ဖြင့် ဖျတ်ဖျတ်လတ်လတ် လျင်လျင်မြန်မြန် ကစား၍ တော့တင်ဟမ်နောက်တန်းကို အမိအရ ထိုးဖောက်ကစားလာခဲ့သည်။

ပွဲစပြီးမိနစ်၂၀အကြာတွင် အဒီဘာယောက အာဆင်နယ်အတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်း၏ ဒုတိယနှင့် တတိယမြောက်ဂိုးကို ကွင်းလယ် ဒိုင်လူကြီး ဂရေဟမ်ပိုး၏ ပယ်နယ်တီကန်ခွင့်ပေးမှုဖြင့် သွင်းယူနိုင်ခဲ့သည်။

ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အလိုတွင် ဂီလ်ဘာတိုက ပယ်နယ်တီမှ တစ်ဆင့် အာဆင်နယ်၏ ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပယ်နယ်တီမှာ တော့တင်ဟမ် နောက်တန်းလူ ချင်ဘွန်ဒါက ရိုဆစ်စကီးအား ကြမ်းတမ်းစွာကစားခဲ့၍ ကွင်းလယ်ဒိုင်လူကြီးက ပယ်နယ်တီကန်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အတွက် တတိယဂိုးကိုလည်း ဂီလ်ဘာတိုကပင် ပယ်နယ်တီမှ တစ်ဆင့်သွင်းယူနိုင်ခဲ့သည်။ ယင်း ပယ်နယ်တီမှာ ပွဲချိန်မိနစ်၇၀တွင် ဂျီးနက်စ်က ဗန်ပါစီအား ကြမ်းတမ်းစွာ ကစားခဲ့၍ ပယ်နယ်တီကန်ခွင့် ပေးခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် အာဆင်နယ်တို့ သုံးဂိုး-ဂိုးမရှိဖြင့် တော့တင်ဟမ်အသင်းကို အနိုင်ယူပြီး သုံးမှတ်ရယူနိုင်ခဲ့သည်။

**လီဗာပူး ဂိုးပြတ်နိုင်**

လီဗာပူးတို့ ဝီဂန်အသင်းကို ပထမပိုင်း၌ပင် အဝေးကွင်းတွင် လေးဂိုး-ဂိုးမရှိ သွင်းယူနိုင်ခဲ့သည်။ ယင်းအနိုင်ရရှိမှုမှာ လီဗာပူးတို့အတွက် ပထမဆုံး အဝေးကွင်း အနိုင်ရရှိခြင်းဖြစ်သည်။

ပထမပိုင်းပွဲစပြီး ရှစ်မိနစ်အကြာတွင် ဘယ်လာမီက လီဗာပူးအတွက် အဖွင့်ဂိုး စသွင်းနိုင်ခဲ့သည်။ ယင်းနောက် ဘယ်လာမီကပင် ပွဲချိန် ၂၅ မိနစ်၌ ဒုတိယမြောက် ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းနောက် ဘယ်လာမီ ဖြတ်ပို့လိုက်သည့် ဘောလုံးမှ တစ်ဆင့် ဒတ်ကွတ် တတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလိုတွင် မက်ကူလော့ချ်က ကိုယ့်ဂိုး ကိုယ်ပြန်သွင်းမိခဲ့၍ လီဗာပူးတို့ စတုတ္ထမြောက်ဂိုး ရခဲ့သည်။ ဒုတိယပိုင်းတွင် ဝီဂန်တို့ ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| ဘလက်ဘန်း | ၂-၀ | ဖူလ်ဟမ် |
| ပို့စ်မောက် | ၂-၂ | အက်စ်တွန်ဗီလာ |
| ရက်ဒင်း | ၁-၀ | ဘော်လ်တန် |
| ရှက်ဖီး | ၂-၁ | ချာလ်တန်။ |

(အင်တာနက်)



အာဆင်နယ်မှ ဗန်ပါစီ(ယာ)၏ ထိုးဖောက်ကစားမှုကို တော့တင်ဟမ်မှ တီးမူတိုင်နီယိုက ဤသို့ဟန့်တား၍ ဘောလုံးဖြတ်ယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)



## တောင်ငူရွှေဆံတော်စေတီ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်ငွေလှူဒါန်း၊ ငွေပဒေသာပင်စိုက်ထူ

**တောင်ငူ နိုဝင်ဘာ ၂၅**

တောင်ငူမြို့နေ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီဒေါ်အုန်းခင်နှင့် ရွှေနှင်းဆီဆေးလိပ်ခုံ မိသားစုတို့သည် နိုဝင်ဘာ၁၁ရက်မွန်းလွဲပိုင်းက တောင်ငူမြို့ရွှေဆံတော်စေတီတော်မြတ်ကြီး သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံရန် အလှူငွေများလှူဒါန်းခြင်း၊ မြို့ပေါ်ရှိကျောင်းတိုက်များမှ သံဃာတော်အပါး ၄၀၀ တို့အား သံဃာအသုံးအဆောင်ဝတ္ထုပစ္စည်းများဖြစ်သည့် စောင်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ဗလာစာအုပ်များနှင့် ခဲတံများကို သံဃာအပါးစေ့ လှူဒါန်းသည့်အပြင် သင်္ကန်းဒွိစုံ၊ သင်းပိုင်၊ ထီး၊ အိပ်ရာခင်းနှင့် လက်စွဲအိတ်စသည့် ဝတ္ထုပစ္စည်းစုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၀ကျော်ဖိုးကို ဗလာမပါ မဲနှိုက်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အလှူရှင်သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီဒေါ်အုန်းခင်သည် ဘာသာရေးအတွက်ငွေကျပ်သိန်း ၃၀၀၊ ပညာရေးအတွက် ငွေကျပ်သိန်း၅၀၀နှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ငွေကျပ်သိန်း ၅၀၀ စုစုပေါင်းငွေကျပ် သိန်း ၁၃၀၀ ကို ငွေပဒေသာပင်စိုက်ထူ လှူဒါန်းခဲ့သည့်အပြင် ၎င်းအလှူငွေများကို စီမံခန့်ခွဲမှု လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များနှင့် ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၂၃၀ဖြင့် နှစ်ထပ်တိုက် အဆောက်အအုံအသစ်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၃၇၂)**

## ထားဝယ်မြို့၌ ဘဝမီးအိမ် စာကြည့်တိုက်ဖွင့်

**ထားဝယ် နိုဝင်ဘာ ၂၅**

ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာ ဘဝမီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် မွန်းလွဲ ၂ နာရီက ရှင်ဓာတ်ဝဲ သာသနာ့သီရိတိုက်ကျောင်း အရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။



ဘဝမီးအိမ် စာကြည့်တိုက်ကို ဆရာတော်ဦးအရိယဝံသနှင့် ထားဝယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဆရာတော်ဦးအရိယဝံသက ဩဝါဒကထာမြွက်ကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထိန်လင်း၊ ထားဝယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးထွန်းမြင့်၊ မောင်မယ်ရှောင်တွဲဖက် အထကကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စာကြည့်တိုက်အတွက် အလှူငွေနှင့်စာအုပ်များကို စေတနာရှင်များက လှူဒါန်းကြသည်။ စာကြည့်တိုက်မှာ အင်္ဂတေ၊ သွပ်မိုးတစ်ထပ် တိုက်ခန်းဖြစ်ပြီး တန်ဖိုးငွေကျပ်ရှစ်သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေသည် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၀ရက်က မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော တပ်ကြီးကုန်းရပ်ကွက် တောင်ပိုင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှု စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ

### မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် နတ်တော်လပြည့်နေ့**
**၄-၁၂-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ကုန်ကျစရိတ်နည်းပြီး ပဲမျိုးစုံအထွက်တိုးနည်း)
- ၁၁း၄၀ သုတစုံစွာသိမှတ်စရာ (အပန်းဖြေခြင်း) (သိပ္ပံမှူးတင်)
- ၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
- ၁၂း၂၅ အားကစားသတင်းပဒေသာ
- ၁၂း၃၅ သီချင်းကြီးပဒေသာ
  (၁) မြောက်အိမ်တော်သံပတ်ပျိုးနှင့် ကျေးစေပတ်ပျိုးလေး (သန်လျင်ညိုသန့်-စန်းစန်းမြင့်)
  (၂) တုံပန်းမာလာအစချီဘောလယ် (မြင့်မြင့်စိန်)
- ၁၃း၁၀ ပညာရေးအစီအစဉ် (ပထမတန်း-စာရိတ္တနှင့်ပြည်သူ့နီတိ) (ယဉ်ကျေးမှုကိုထိန်းသိမ်းပါ)

**ညနေပိုင်း**

- ၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
  (၁) ပြောင်းလဲလာသော ရွာကလေး (စိန်မောင်မြင့်)
  (၂) တောသူအချစ် (ပန်တျာတင်တင်မြင့်)
  (၃) ကျေးရွာဝါဒ (ကိုအံ့ကြီး)
- ၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
- ၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စာဆိုတို့အမွေ ဂန္ထဝင်စာပေ) (သာရဝေါ်စိုးကြည်)
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
- ၁၉း၁၅ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း (မြင်းခြံမြို့ အယူတော်မင်္ဂလာ စိန်မြင့်အောင်ဆိုင်းအဖွဲ့)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) ခွန်းဆင့်ချစ်လွှာ (ထား)
  (၂) ကျင်နာသူနဲ့ဝေးသောအခါ (မောင်ဝင်းမြင့်)
  (၃) တစ်ပွင့်ပန်း (နော်အေမီချစ်)

## မိတ္ထီလာ အထက(၁) အာစရိယပူဇော်ပွဲ

**မိတ္ထီလာ နိုဝင်ဘာ ၂၅**

မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသားကျောင်းသူ ဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း ဧကရာဇ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အပူဇော်ခံဆရာ၊ ဆရာမကြီး ၇၀ နှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် စောင်း-ဦးကျော်ဝင်းနှင့် ကျောင်းသူဟောင်း ဒေါ်စန္ဒာသန်းတို့က မြတ်ဆရာ ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်ပြီး ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ချိုးဖြင့် ကန်တော့ကာ ဂါရဝပြုပူဇော်ကန်တော့ပစ္စည်းများ ပေးအပ်၍ ညှော်ခံကျွေးမွေးပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပကြောင်းသိရသည်။ **(၃၅၈)**

**အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အုတ်တွင်းမြို့မဈေးကြီးအတွင်း သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ သားငါးများ ယင်လုံဆန်ခါအုပ်၍ ရောင်းချမှုနှင့်အိုင်အိုဒင်းဆားရောင်းချမှုတို့ကို နိုဝင်ဘာ ၁၇ ရက်က အမှုဆောင်အရာရှိဦးတင်ရှိန် ဦးဆောင်သောအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းကြီးကြပ်စစ်ဆေးကြစဉ်။** (၁၁၆)



## သုံးခွ၌ သွား၊ ခံတွင်းဆိုင်ရာရောဂါများ ကွင်းဆင်းကုသ

**သုံးခွ နိုဝင်ဘာ ၁၉**

သုံးခွမြို့နယ် အမှတ်(၅)ရပ်ကွက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း (ရန်ကုန်တိုင်းအသင်းခွဲ)က ကြီးမှူး၍ နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်းကုသ ပညာပေးဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ထို့နောက် ကျောင်းသူ ကျောင်းသားများနှင့် ရပ်ကွက်နေပြည်သူများအား သွားဘက်ဆိုင်ရာ ပညာပေးဟောပြောပြီး သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများ ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ **(အောက်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ရန်ကုန်တိုင်းအသင်းခွဲ)က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၊ ဝိဇ္ဇောဒယစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံအုပ် ၄၀၀၊ ကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ Best-T သွားတိုက်ဆေးများနှင့် ငွေကျပ်ငါးသောင်းငါးရာတို့ကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဖိုးကြိုင်အား လှူဒါန်းကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ရွှေကိန္နရီ စိုက်ပျိုးထုတ်လုပ် သမဝါယမအသင်းသားများ အခြေခံစိုက်ပျိုးရေး တောင်သူဆင့်ပွားသင်တန်းဆင်း

**အင်းတော် နိုဝင်ဘာ ၁၀**

အင်းတော်မြို့နယ် ရွှေကိန္နရီ စိုက်ပျိုးထုတ်လုပ် သမဝါယမအသင်းသားများ၏ အခြေခံစိုက်ပျိုးရေး (F.F.S) တောင်သူဆင့်ပွားသင်တန်း လယ်ကွင်းသရုပ်ပြပွဲနှင့် သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့နယ် နန့်သာရွာသစ် ဇောတိကာရာမ ကျောင်းဇရပ်တွင် ကျင်းပသည်။

**ထွက်ရှိ**

ရှေးဦးစွာ အခြေခံစိုက်ပျိုးရေး (F.F.S) တောင်သူဆင့်ပွားသင်တန်းကို တောင်သူကြီး ဦးသန်းမောင်၏ လယ်မြေတွင်စိုက်ပျိုးခဲ့သော ဆင်း-၃ စပါးမျိုးစံကွက် ရိတ်သိမ်းခြွေလှေ့ ကြရာ စပါး ၁၀၂ တင်းနှုန်း ထွက်ရှိသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နန့်သာကျေးရွာ ရပ်မိရပ်ဖဦးညွန့်ရွှေ၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးစန်းညွန့်နှင့် သင်တန်းနည်းပြတာဝန်ခံဆရာ ဦးတူးဂျာတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးစန်းညွန့်၊ ဦးစီးမှူးဦးထွန်းနိုင်၊ သင်တန်းနည်းပြတာဝန်ခံဆရာ ဦးတူးဂျာနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ **(၁၃၃)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် မော်လမြိုင်မြို့မဟာမြတ်မုနိဘုရားလမ်း ကန်တော်မင်္ဂလာစာသင်တိုက် ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းက အလှူတော် ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## တာချီလိတ်မြို့ အထက စုပေါင်းဘုံကထိန်ပွဲကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၀**

တာချီလိတ်မြို့အခြေခံပညာအထက်တန်းကျောင်း (မကာဟိုခမ်း) ပညာရေးမိသားစု၏ ဒသမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၄ရက်ကကျင်းပရာ ဝေ့ရဲကျေးရွာ ရွှေတောင်တန်းတောရပရဟိတကျောင်းသို့ ကျောင်းသားကျောင်းသူများက ပဒေသာပင်များ ပို့ဆောင်ကြပြီး ရွှေတောင်တန်း တောရကျောင်းတိုက်မှ သံဃာတော်များ၊ ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။

ဆက်လက်၍ရွှေတောင်တန်းတောရကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ဖတ်ချီးမြှင့်ကြကာ ဆရာဆရာမများနှင့် ကျောင်းသူ ကျောင်းသားများက ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** (၄၂၀)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးမြင့်အောင်အားရည်စူး၍ ဒေါ်ရင်မေ၊ သား ကိုမောင်မောင်၊ သမီး မသီတာအောင်၊ မသန္တာအောင်မိသားစု M.3ရွှေမာလာရိပ်မွန် ကမာရွတ်မြို့နယ်က အလှူတော် ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်အရှင်စန္ဒန(ဓမ္မာစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မွန်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီတို့ပူးပေါင်းကျင်းပသော ကာယဖလမောင်း၊ ကာယအလှမယ်၊ ဆံကေသာအလှမယ်ပြိုင်ပွဲနှင့်ဆုပေးပွဲ အခမ်းအနားကိုအောက်တိုဘာ၂၉ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မြင့်မြင့်စိုး ကာယအလှမယ်ပြိုင်ပွဲ ပထမဆုရ မုဒုံမြို့နယ်မှ နှင်းအဥ္ဇလီလှိုင်အား ဆုချီးမြှင့်စဉ်။** (၁၆၈)



## ပျဉ်းမနားမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၂၅**

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၈ခုနှစ် စာဆိုတော်နေ့ အခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၀ရက် နံနက် ၁၀နာရီက စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်းမ(မြို့မဈေးအပေါ်ထပ်)တွင် ကျင်းပသည်။

### ရှင်းလင်း

အခမ်းအနားတွင်သဘာပတိဦးခင်မောင်သန်း(ခင်မောင်သန်း-စက်မှု)က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးမြင့်လွင်(စံကောင်း)က ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ဖတ်ကြား

ထို့နောက် ဦးကျော်ရှင်း (သုတကျော်)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အစီရင်ခံစာကို ဦးအောင်မြင့် (အောင်မြင့်ညို)က ဖတ်ကြားသည်။

### တက်ရောက်

အခမ်းအနားသို့စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကများနှင့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။ **(၀၉၉)**

**စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် နိုဝင်ဘာ၈ရက်က ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်က ရှင်းလင်း တင်ပြစဉ်။**(မြို့နယ်စည်ပင်)

## ကြိုတင်ကာကွယ်တားဆီး အန္တရာယ်မီး

## တီးတိန်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

**တီးတိန် နိုဝင်ဘာ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဇုန်နယ်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာ၁၅ရက်က တီးတိန် ကမ်းဟောက် အားကစားကွင်း၌ ထန်ကိုင်းအသင်းနှင့် ဂမ်ငိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထန်ကိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့နယ်အားကစားအရာရှိ ဦးဂင့်ကမ်းလျန်းတို့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ငွမြို့ မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ငွမြို့ နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် ငွမြို့မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၂၀၆)၏ ဒီဇင်ဘာတရားစခန်းပွဲကို ဒီဇင်ဘာ၂၁ရက်မှ၂၇ရက် (ပြာသိုလဆန်း၃ရက်မှ ၉ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကြီးကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ ရွှေရတနာဆရာတော်ဘဒ္ဒန္တကောဝိဒ(မိုးကုတ်)နှင့်သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)(သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**အမှတ်(၇၂)သီတာလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်နေ ဗိုလ်မှူးလေးတင်(ငြိမ်း)-ဆရာမဒေါ်ခင်ကြည်(အထပြ-ငြိမ်း)မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။** (က-ပ)



## အောက်ဆီဂျင်စက်လှူဒါန်းပွဲ စလင်းမြို့၌ကျင်းပ

**စလင်း နိုဝင်ဘာ ၅**

မကွေးတိုင်း စလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆေးရုံသို့ အောက်ဆီဂျင်စက်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ၃၁ရက်က အဆိုပါဆေးရုံအစည်းအဝေးခန်းမတွင်ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်က တက်ရောက်အမှာစကားပြောကြားပြီး စလင်းမြို့ ဈေးမရပ်နေ အလှူရှင် (ဒေါ်တင်တင်)၊ သား ဦးဖိုးသာက ငွေကျပ်၁၀သိန်းတန် အောက်ဆီဂျင်စက်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်စန်းမြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**



3-12 (16) 1 12/3/06, 1:40 PM

# ရန်ကုန်တိုင်း ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလ ပြည်သူလူထုအင်အား ၁၀၀၀၀ ကျော် စုပေါင်းလမ်းလျှောက်

ရန်ကုန် ဒီဇင်ဘာ ၂

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းသည် ယနေ့ နံနက်၆နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၆ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ ရန်ကုန်တိုင်း စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြည်သူလူထုနှင့်အတူ စုပေါင်းပါဝင်လမ်းလျှောက်သည်။**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အေးအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူလူထုအင်အား ၁၀၀၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁** ■



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ ရန်ကုန်တိုင်း စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲလမ်းလျှောက်ကြစဉ်။ (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်တွင်ကျင်းပ အင်အား ၁၂၀၀၀ ကျော် တပျော်တပါး ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂

**တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရေး ဦးတည်ချက်နှင့်အညီ** "ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား"**ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသော ၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆နာရီက နေပြည်တော် မြို့မဈေးစုရပ်နှင့် ပြန်ကပြေးစုရပ်တို့၌ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား၁၂၀၀၀ကျော်တို့ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။**

ရှေးဦးစွာ နံနက်၅နာရီခွဲမှစတင်၍ နေပြည်တော် မြို့မဈေး စုရပ်သို့ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ အိမ်ရာများမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ လမ်းဖြတ် စာသားပိုစတာအောက်တွင် ရောက်ရှိနေရာယူကြသည်။

## စုပေါင်းလမ်းလျှောက်

ထို့နောက် နံနက် ၆နာရီတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် တောင်ညို-ပျဉ်းမနားလမ်းတစ်လျှောက်၌ စုပေါင်းလမ်းလျှောက်ကြသည်။

## တပျော်တပါး ပါဝင်ဆင်နွှဲ

ယင်းနောက် သပြေကုန်းအဝိုင်းပတ်၍ နေပြည်တော် မြို့မဈေးရှေ့ ကွက်လပ်သို့ ရောက်ရှိကြပြီး ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)နှင့်(၂)တို့ဖြင့် စုပေါင်းကိုယ်လက်လှုပ်ရှားမှုများကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အလားတူ ပြန်ကပြေးစုရပ်၌လည်း နံနက်၅နာရီခွဲတွင် ပြန်ကပြေး၊ မြို့မသပြေကုန်းရပ်ကွက်တို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများသည် နေရာယူကြပြီး နံနက် ၆နာရီမှစတင်၍ ပျဉ်းမနား-တောင်ညိုလမ်း တစ်လျှောက် သပြေကုန်းအဝိုင်းပတ်ပြီး ပြန်ကပြေးစုရပ်သို့ စုပေါင်းလမ်းလျှောက်ကြသည်။ **(သတင်းစဉ်)**




**၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်၌ကျင်းပရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိသားစုများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တောင်ညို-ပျဉ်းမနားလမ်းတစ်လျှောက် စုပေါင်းပါဝင် လမ်းလျှောက်ကြစဉ်။** (သတင်းစဉ်)